ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၉၁)၊ အမှတ်(၁၀၃)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှပြန်လည်ရောက်ရှိလာသောဝန်ကြီးချုပ်အားကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖန်ကောက် မြို့၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၄နာရီ မိနစ်၄၀တွင် ထိုင်းနိုင်ငံ ဖန်ကောက်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**စာမျက်နှာ ၃**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ ထိုင်းနိုင်ငံ ဖန်ကောက်မြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပထမအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖန်ကောက်မြို့၌ကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဇူလိုင် ၃၀ရက် မြန်မာစံတော်ချိန် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဖန်ကောက်မြို့သို့ ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် ဖန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ **စာမျက်နှာ ၇ ကော်လံ ၅** ☆



**တွေ့ဆုံနှုတ်ဆက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃၀ရက်က ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

1-8 (01).p65 1 03/24/1905, 10:00 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

# အမျိုးသားရေးတာဝန် ကျေပွန်အောင်ဆောင်ရွက် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း၌ ဇူလိုင် ၃၀ ရက်က ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်းအမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားခဲ့သည်။

ထိုသို့ သြဝါဒစကား မြွက်ကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**“မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးကို စနစ်တကျ လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်၏ ပင်မကျသည့် လိုအပ်ချက်များကို သိရှိနိုင်ကြောင်း၊ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကိုယ်တိုင်ကိုယ်ကျ အပြုသဘောဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန် ကျေပွန်မှုဖြစ်ကြောင်း”**

မိန့်ကြားခဲ့သည်။

နိုင်ငံသူ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်ပင် ဖြစ်သည်။ ထိုအမျိုးသားရေး တာဝန်ကျေပွန်ရန်အတွက် မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့်သက်ဆိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ အပြည်ပြည်ဆိုင်ရာကဏ္ဍတွင် ဒေသတွင်းနှင့် ကမ္ဘာ့အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လှုပ်ရှားမှုများကို နိုင်ငံသားအားလုံး သိရှိထားကြရန် လိုအပ်ပေသည်။ သို့မှသာ နိုင်ငံတော်အတွက် ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် စွမ်းအားမြင့်မားသော နိုင်ငံသားများ ဖြစ်လာမည် ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်လျက်ရှိရာတွင် ခေတ်နောက်ကျမှုအကြွေးအား ပေးဆပ်ရခြင်းနှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုဖြစ်စဉ်များကို ရင်ဆိုင်ကျော်လွှားပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ ကြိုးပမ်းအားထုတ်နေရခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနိုင်စွမ်းရှိသည့် စွမ်းရည်၊ စွမ်းအားနှင့် စွမ်းအင်များ လိုအပ်သည်။

နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိသည့် စွမ်းရည်၊ စွမ်းအား၊ စွမ်းအင်တို့ကို စုစည်းပြီး သန္နိဋ္ဌာန်စိတ်ဖြင့် ညီညီညွတ်ညွတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ယခင်အခြေအနေများထက် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ခဲ့သည်ကို တွေ့မြင်နိုင်ကြသည်။

အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များလည်း အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လျက်ရှိသည်။ နိုင်ငံတော်၊ ပြည်သူနှင့်ဝန်ထမ်းများ တက်ညီလက်ညီ ဆောင်ရွက်မှုကြောင့် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံ၏စွမ်းအားစုအဖြစ် ပေါ်ထွန်းလာခဲ့ပြီး နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝအတွက်သာမက ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကိုပါ ထိရောက်စွာ အကျိုးပြုလာခဲ့ကြောင်း တွေ့ရှိနိုင်သည်။

ယခုအခါ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ် ချီတက်နေသည်မှာ အရှိန်အဟုန်ရနေပြီ ဖြစ်သည်။ ရှေ့ဆက်လက်၍ တိုးတက်နေမည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေကြရပြီ ဖြစ်သည်။

စွမ်းအားရှိသော နိုင်ငံသူ နိုင်ငံသားများက စုစည်းညီညွတ်သောအားဖြင့် အလုပ်လုပ်ကြလျှင် ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ ယင်းသို့ တိုးတက်နိုင်အောင် တည်ငြိမ်အေးချမ်းရန်၊ တရားဥပဒေစိုးမိုးရန်လည်း လိုအပ်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူတို့၏အကျိုးစီးပွားအတွက် လက်တွေ့ကျသော တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး အမျိုးသားရေးတာဝန် ကျေပွန်သော နိုင်ငံသူ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁-၈-၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ပဋိစ္စသမုပ္ပာဒ်အခြေခံ”**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Cost Accounting (ဒုတိယနှစ်–စီးပွားရေး)
၄:၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”** (အပိုင်း–၁၁)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမှန်တရားဘက်ကလှုပ်ရှားခဲ့သမား”** (အပိုင်း–၂၆)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဗိုတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**



**တာမွေမြို့နယ် အမှတ်(၃၄) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ၊ ဆရာမ၊ ကျောင်းသူ ကျောင်းသားများ စုပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းသိန်းနှင့် ဆရာမများ၊ မိဘများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (က–ပ)

## လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး ဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၀၄) ဖွင့်ပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျိုးညို သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(က–ပ)**



## ပေးအပ်လှူဒါန်း

**အင်းစိန် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မင်းစေတီလမ်းထောင့်ရှိ ညောင်ပင်ကျောင်းတိုက် ဆောက်လုပ်ဆဲ မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ မာလာစာရထံ မြို့သစ်(က–ခ) ရပ်ကွက်(က) ၃ လမ်း အမှတ် ၂၅၂ နေ ဦးအောင်မြင့်–ဒေါ်အမာဆွေ မိသားစုက အလှူတော်ငွေကျပ်ငါးသောင်း ဆက်ကပ်လှူဒါန်းစဉ်။** (၀၄၆)



ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# သံလွင်တံတား(မော်လမြိုင်)မကြာမီဖွင့်လှစ်မည် ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်းတံတားပေါ် ဖြတ်သန်းကြည့်ရှု

ရန်ကုန် ဇူလိုင် ၃၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့မှ နံနက်ပိုင်းက ရန်ကုန်-ပဲခူး-စစ်တောင်း-ကျိုက်ထို-သထုံမှ တစ်ဆင့် မုတ္တမသို့ထွက်ခွာခဲ့ရာ သထုံ- မုတ္တမ လမ်းတိုးတက်ပြုပြင်ခြင်းအား အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များမှာကြားသည်။**

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်)(မုတ္တမဘက်ကမ်း) ချဉ်းကပ်တံတား၊ နိုင်လွန်ကတ္တရာ (AC) ခင်းနေခြင်းများကို ကြည့်ရှု စစ်ဆေးပြီး နိုင်လွန်ကတ္တရာခင်းရာတွင် လမ်းမျက်နှာပြင် အရည်အသွေးကောင်းအောင်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည့် သံလွင်တံတား(မော်လမြိုင်) တံတားပေါ် မော်တော်ယာဉ်များဖြင့် မောင်းနှင် ဖြတ်သန်းကြည့်ရှုခဲ့သည်။

ယခုတည်ဆောက်ပြီးတော့မည့် သံလွင်တံတား(မော်လမြိုင်)သည် ရန်ကုန်-ပဲခူး-စစ်တောင်း-ကျိုက်ထို-သထုံ - မော်လမြိုင် - မုဒုံ - ရေး-ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်တွင် တည်ရှိနေရာ ထိုတံတားအားဖြတ်ကျော်၍ မော်လမြိုင်မှတစ်ဆင့် မြဝတီသို့ သွားလာနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများနှင့် အခြားဒေသများရှိ တိုင်းရင်းသားများနှင့် ကူးသန်းဆက်သွယ်နိုင်တော့မည် ဖြစ်သောကြောင့် ပြည်ထောင်စုစိတ်ဓာတ်အနေနှင့်လည်းပိုမို၍ မြင့်မားလာမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်သို့ဆက်လက်ထွက်ခွာလာခဲ့ရာ မွန်ပြည်နယ်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်တွင် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများ အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ယခုဆောင်ရွက်ပြီးလုပ်ငန်းများ မိုးတွင်းကာလတွင် ပျက်စီးမှုမရှိစေရန် ကြိုတင်၍လိုအပ်သည်များ စိစစ်ပြီး ကြပ်မတ်ပေးသွားကြရန်မှာကြားသည်။ **(သတင်းစဉ်)**

# မင်းဘူးနှင့်မကွေးမြို့တို့တွင်စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ယနေ့ နံနက် ၆ နာရီခွဲအထိ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ခုနစ်ပေခန့်ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက်သို့ သုံးပေခန့်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**



ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ဗိုလ်မြတ်ထွန်းတံတား ဝန်းကျင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

# ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အချက်ပြ အမှတ်အသားများ စနစ်တကျထားရှိ

ရန်ကုန် ဇူလိုင် ၃၁

**ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ ရောက်ရှိလာပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးချစ်ခင်က ညောင်တုန်းတံတားရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

**စစ်ဆေးကြပ်မတ်**

ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်၍ ဝန်ကြီးက မိုးရာသီ ရေစီးရေလာကောင်းစေရေး၊ မြစ်ကမ်းပါးရေတိုက်စားမှု ကာကွယ်ရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ စီမံကိန်းဝင်တံတားကြီးများ ရေတိုက်စားခြင်း မခံရရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် အချက်ပြအမှတ်အသားများ စနစ်တကျထားရှိရန်နှင့် ကြိုတင်ညွှန်ကြားချက်များ အားအခါမလပ် ထုတ်ပြန်သွားရန်၊ ၎င်းညွှန်ကြားချက်များအပေါ် ရေယာဉ်များ လိုက်နာဆောင်ရွက်မှု ရှိ မရှိကိုလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတား ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများအား ရေယာဉ်ဖြင့် အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် အချက်ပြအမှတ်အသားများ ထားရှိမှုနှင့် အစုန်အဆန်လမ်းကြောင်းများ အန္တရာယ်ကင်းရှင်းမှု ရှိ မရှိကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ညောင်တုန်းမြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီမံကိန်းဝင် မြစ်ကူးတံတားများအား ညအချိန်ရေယာဉ်များမဖြတ်သန်းရန်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၃၁

**ယခုအခါ မြစ်ညာပိုင်း မိုးရွာသွန်းမှုများ၍ မြစ်ရေများကြီးနေချိန်တွင် ရေစီးနှုန်းမြင့်မားနေသဖြင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်များရှိ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် ရေယာဉ်များ မထိခိုက်စေရန်နှင့် လူနှင့်ပစ္စည်းများ မဆုံးရှုံးစေရန်အတွက် ည၆နာရီမှ နောက်တစ်နေ့ နံနက်၆နာရီအထိ ညအချိန် တံတားကြီးများအား ရေယာဉ်များမဖြတ်သန်းရန် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။**

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၁-၈-၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၀ | ၆။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈:၀၅ | ၇။ | အကပြိုင်ပွဲ |
| ၈:၂၀ | ၈။ | သဖန်းဆိပ် ဘက်စုံရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Say it in English |
| | | **နေ့လယ်ပိုင်း** |
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | ၃။ | ဝါဆိုပန်းကဗျာ (အထက-၁၊ဒဂုံ) |
| ၁၁:၂၅ | ၄။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁:၄၀ | ၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၁၄) |
| ၁၂:၁၅ | ၆။ | ဝါဆိုခြင်းပွဲတော် |
| ၁၂:၃၀ | ၇။ | မြန်မာဗီဒီယိုဇာတ်လမ်း **"ဘာပဲဖြစ်ဖြစ်သူ့ကိုအချစ်ဆုံး"** ကျော်သူ၊ မင်းသူ၊ မိုးဒီ၊ ရတနာခင် (ဒါရိုက်တာ-သန်းဖေလေး) |
| ၁၄:၄၅ | ၈။ | International News |
| | | **ညပိုင်း** |
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၀၀ | ၅။ | တေးဂီတအစီအစဉ် |
| ၁၇:၁၅ | ၆။ | စိုက်ပျိုးစွမ်းအားပြည်ထွန်းကား |
| ၁၇:၂၅ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇:၄၀ | ၈။ | လုံခြုံပြည့်ဝစိတ်ချရေး မိခင်နို့ တစ်မျိုးတည်းသာတိုက်ကျွေးပေး |
| ၁၇:၅၅ | ၉။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၂) |
| ၁၉:၃၅ | ၁၃။ | သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း-၂) |
| ၁၉:၄၅ | ၁၄။ | ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းရူးပွဲ |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၁၂) |

# ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးမိသားစုဝါဆိုသင်္ကန်းကပ် အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ကြည့်ညို

ရန်ကုန် ဇူလိုင် ၃၁

**ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စမ်းချောင်းကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့်ဇနီး ဒေါ်အေးမိခိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် စခန်းမှူးရုံး၊ မိသားစုများ တက်ရောက်ကြည့်ညိုကြသည်။**

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**(သတင်းစဉ်)**



### သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည်။

### ဝါဆိုသင်္ကန်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် လှအောင်သိန်းနှင့် စခန်းမှူးရုံး မိသားစုများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဘုရားအနေကဇာတင်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲတက်ရောက်ကြည့်ညို



ရန်ကုန် ဇူလိုင် ၃၁

**ရန်ကုန်(အနောက်ပိုင်း)ခရိုင် လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းရှိ ပါသာဒိကာရုံ စာသင်တိုက် ပလ္လင်တော်လှူဒါန်းပွဲ၊ ဘုရားအနေကဇာတင်ပွဲနှင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး မိသားစု ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။**

### တက်ရောက်ကြည့်ညို

အခမ်းအနားသို့ ပါသာဒိကာရုံစာသင်တိုက် ပဓာနနာယကဆရာတော် သာသန ဓဇသိရီပဝရဓမ္မာစရိယဝိသိဋ္ဌ ဒီဃဘာဏကပါဠိပထမကျော် ဘဒ္ဒန္တ သီရိန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးဒေါ်စန်းစန်းရီ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့်ဇနီး၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့်ဇနီး၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ညိုကြသည်။

ရှေးဦးစွာ ပါသာဒိကာရုံစာသင်တိုက်ရှိ မဟာဇယမင်္ဂလာသုံးထပ် သိမ်ကျောင်းတော်တွင် ပူဇော်ကိုးကွယ်မည့် ဗုဒ္ဓဆင်းတုတော်စံပယ်တော်မူမည့် ပလ္လင်တော်အား အလှူရှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီးဒေါ်စန်းစန်းရီ မိသားစုတို့က ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော် သံဃာတော်မြတ်များက ဗုဒ္ဓဆင်းတုတော်အား အနေကဇာ တင်တော်မူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း**(အပေါ်ဝဲပုံ)**နှင့် ဇနီး ဒေါ်စန်းစန်းရီ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန္တလေး ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်က အဆိုပါ သတင်းစာပုံနှိပ်တိုက် အပေါ်ထပ်၌ ကျင်းပရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း ဝိဇယာရာမ ရာကျော်ကျောင်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များအားအရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီးနောက် ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစုများလှူဒါန်းကြသော ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများကို ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

### လားရှိုးကိုယ်ပွားသတင်းစာ

လားရှိုးမြို့ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို လားရှိုးမြို့နယ် ဟူးမွန်ရွာရှိ ကိုယ်ပွားသတင်းစာတိုက်၌ ယနေ့ ညနေက ကျင်းပရာ မန်ဆူဆရာတော်နှင့် ပင့်သံဃာများအား ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံ ဗိုလ်ကြီးဇော်လွင်နှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

## ပြင်ဆင်ဖတ်ရှုပါရန်

**ရန်ကုန် ဇူလိုင် ၃၁**

၃၁-၇-၂၀၀၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂)တွင် ဖော်ပြပါရှိသော ဇူလိုင် ၃၀ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း (၇၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့ ဧည့်ခံပွဲသို့ တက်ရောက်လာသည့် ဓာတ်ပုံ ပုံစာတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး အမည်အား Senior Colonel. Ma Shoudongဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**

## (၃၅)ရပ်ကွက် လုပ်သားလမ်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၅) ရပ်ကွက် လုပ်သားလမ်း ဦးညွန့်လှိုင် နေအိမ်တွင် ပြန်ကြားရေးဝန်ထမ်းများ စုပေါင်း၍ ဂန္ဓာရုံကျောင်းတိုက်မှ သံဃာတော်များအားပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တစ်အိမ်လျှင် ဆွမ်း တစ်အုပ်စီဖြင့် နေ့ဆွမ်းဆက်ကပ်ကြ သည်။ဝါတွင်းသုံးလကာလပတ်လုံး (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင်လည်း လုပ်သားလမ်းနှင့်အနီးဝန်းကျင်လမ်း များ စုပေါင်း၍ အရုဏ်ဆွမ်းများ လောင်းလှူလျက်ရှိကြောင်း သိရသည်။

**(က-ပ)**

## ဝါတွင်းပဋိစ္စသမုပ္ပာဒ် ဟောပြောပို့ချမည်

**ရန်ကုန် ဇူလိုင် ၃၁**

ဝါတွင်းပဋိစ္စသမုပ္ပာဒ်တရားစခန်းကို ဘုရားကြီးတိုက် ခြောက်ထပ်ကြီး မဏိရတနာကျောင်း ဆရာတော် မုံရွာ အရှင်ပဏ္ဍိတ (ဒွိပိဋကဓရ)က ၁၃၆၆ခု ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် မွန်းလွဲ ၁နာရီမှစတင်၍ အပတ်စဉ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ စိတ်ပါ ဝင်စားသော ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်များသည် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (ဩဂုတ် ၃ ရက်)နောက်ဆုံးထား၍ မဏိရတနာကျောင်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

**ရွာရန်ရာနှုန်း ၆၀**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

# အီရတ်ရှိ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အတိုက်အခံ ဆိုရှယ်လစ်ပါတီဝင်များက တောင်းဆို

ဆိုဖီယာ ဇူလိုင် ၂၉

**အမေရိကန်လိုလားသော အီရတ်၌ရှိသော ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၄၇၀ အား ဇန်နဝါရီလကုန်၌ရုပ်သိမ်းရန် အတိုက်အခံ ဆိုရှယ်လစ်ပါတီဝင်များက ဗုဒ္ဓဟူးနေ့၌ တောင်းဆိုလိုက်ကြသည်။**

ယခုလအစောပိုင်း၌ ပြန်ပေးဆွဲခံခဲ့ရသော ဘူလ်ဂေးရီးယားတစ်ဦးကို အစ္စလမ္မစ်ခုခံရေးသမားများက သတ်ဖြတ်ပြလိုက်ပြီး မကြာမီ၌ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များ အီရတ်မှထွက်ရန်အတွက် ဘူလ်ဂေးရီးယားအစိုးရအား အတင်းအကျပ် တာဝန်ယူစေသည့် ပါလီမန်အဆိုတစ်ရပ်ကို ဆိုရှယ်လစ်ပါတီက အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့သည်။

**ထွက်ပေါ်**

ယင်းအဆိုပြုချက်သည် အီရတ်နှင့်စပ်လျဉ်း၍ ဘူလ်ဂေးရီးယားတို့ ထင်ယောင်ထင်မှားဖြစ်ခြင်းမှ လွတ်ကင်းသည့် အခြေအနေများ ကြီးထွားလာစဉ်အတွင်း ထွက်ပေါ်လာခြင်းဖြစ်ပြီး စူးစမ်းလေ့လာသူများက လာမည့်နှစ်ဇွန်လ၌ ကျင်းပရန်ရှိသော အထွေထွေရွေးကောက်ပွဲမတိုင်မီ ဘူလ်ဂေးရီးယားနိုင်ငံ၌ ပြင်းထန်သော အမေရိကန်လိုလားမှုမှ သွေဖည်ရန်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

**တောင်းဆို**

အီရတ်၌ ဘူလ်ဂေးရီးယားစစ်ဘက်ဆိုင်ရာများရှိခြင်းကို ဖြည်းဖြည်းချင်း လျှော့ချရန်အတွက် နည်းဗျူဟာတစ်ရပ် မိမိတို့ တောင်းဆိုကြောင်းနှင့် ဘူလ်ဂေးရီးယားတပ်ဖွဲ့၏ တာဝန်များကို ဇန်နဝါရီလကုန်ထက် နောက်မကျဘဲ အဆုံးသတ်ရန် တောင်းဆိုကြောင်း ဆိုရှယ်လစ်ပါတီအကြီးအကဲ ဆာဂျီစတန်နီရှက်ဖ်က အင်ဖိုရေဒီယိုသို့ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်မှ တပ်ဖွဲ့ဝင်များရုပ်သိမ်းခဲ့သည့်ကိစ္စ သြစတြေးလျ ဝေဖန်ပြစ်တင်မှုကြောင့်

## ဖိလစ်ပိုင်နှင့် သံတမန်ဆက်ဆံရေး မပြေမလည်ဖြစ်

မနီလာ ဇူလိုင် ၂၉

**အီရတ်မှ တပ်ဖွဲ့ဝင်များရုပ်သိမ်းပေးခြင်းကြောင့် အကြမ်းဖက်သမားတို့ အားတက်မှုဖြစ်ခဲ့ကြောင်း ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံတို့အား သြစတြေးလျနိုင်ငံက ပြစ်တင်ပြောဆိုခဲ့သဖြင့် သံတမန်ဆက်ဆံရေး မပြေမလည်ဖြစ်မှုဖြစ်ခဲ့ရသည်။ သြစတြေးလျသံတမန်အား ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့၌ခေါ်ယူတွေ့ဆုံပြီး ဖိလစ်ပိုင်အစိုးရ၏သဘောထားကို ထုတ်ဖော်ပြောကြားလိုက်သည်။**

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက သြစတြေးလျဝန်ကြီး၏ ဝေဖန်တိုက်ခိုက်ပြောဆိုမှု၊ ကန့်ကွက်မှုတို့ကြောင့် ဖိလစ်ပိုင်လူမျိုးများအနေဖြင့် ဝမ်းနည်းကြောင်း သြစတြေးလျ သံအမတ်ကြီးအား ပြောကြားခဲ့သည်ဟု ကြေညာချက်၌ ဖော်ပြခဲ့သည်။

**မကျေနပ်**

သြစတြေးလျ သံအမတ်ကြီးအား နိုင်ငံခြားရေးဌာနသို့ ခေါ်ယူပြီး သြစတြေးလျနိုင်ငံ ထုတ်ပြန်ချက်များအပေါ် မကျေနပ်ကြောင်းနှင့် မိမိတို့၏ သဘောထားကို ပြောဆိုခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒယ်လီယာအဲလ်ဘတ်က ပြောကြားသည်။

ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံတို့သည် အီရတ်မှ ယင်းတို့၏ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးခြင်းဖြင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများကို အားရစေခဲ့ကြောင်း ပြောဆိုခဲ့ခြင်းအတွက် သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက တောင်းပန်ရန် ငြင်းဆိုခဲ့သည်။

**(အင်တာနက်)**

## လေကြောင်းမှတိုက်ခိုက်

**အီရတ်နိုင်ငံတောင်ပိုင်း ခါနာဆေ့ကျေးရွာ၌ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# နှစ်လကျော်ပျောက်ဆုံးနေသော တူရကီယာဉ်မောင်း ခုခံတိုက်ခိုက်ရေးသမားတို့၏ သတ်ဖြတ်ခြင်းခံခဲ့ရ

**ဒီယာဘာကာ(တူရကီ) ဇူလိုင် ၂၈**

အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ သတ်ဖြတ်ခြင်းခံရသော တူရကီ ယာဉ်မောင်းသမားတစ်ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် တူရကီနိုင်ငံသို့ ပြန်ယူဆောင်ခဲ့ကြောင်း ညီအစ်ကိုတော်သူက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

**သတ်ဖြတ်ခံရ**

ဘဂ္ဂဒက်မြို့ပြင်၌ အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ သတ်ဖြတ်ခြင်းခံရသော တူရကီယာဉ်မောင်းသမား စီမာလ်အူဂါသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များထံ ထောက်ပံ့ရေးပစ္စည်းများ ယူလာစဉ် သတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု ဒေဗတ်အူဂါက ပြောကြားသည်။

စီမာလ်၏အလောင်းကို ဘဂ္ဂဒက်ရင်ခွဲရုံ၌ သီတင်းပတ်အစောပိုင်း၌ ရှာမတွေ့ခင် စီမာလ်သည် နှစ်လကျော်မျှ ပျောက်ဆုံးနေခဲ့သည်။

ဘဂ္ဂဒက်မြို့၏ ဆင်ခြေဖုံးများ၌ လှုပ်ရှားနေသော ခုခံတိုက်ခိုက်ရေးပြောက်ကျားအုပ်စု၏ အဆက်အသွယ် ရခဲ့ပြီးနောက် စီမာလ်သေဆုံးကြောင်း သူသိခဲ့ရသည်ဟု ဒေဗတ်အူဂါက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# အထက်အရာရှိ၏အမိန့်ဖြင့် အီရတ်နှစ်ဦးကို ရေထဲသို့တွန်းချခဲ့ တရားစွဲခံရသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အစစ်ဆေးခံ

ဘဂ္ဂဒက် ဇူလိုင် ၂၈

**တိုက်ဂရစ်မြစ်ထဲသို့ အီရတ်နှစ်ဦးကို တွန်းချခဲ့မှုဖြင့် တရားစွဲခံခဲ့ရသော တပ်ဖွဲ့ဝင်လေးဦးအနက်တစ်ဦးက သူ့အား အထက်အဆင့်ရာထူးရှိသူများက ထိုသို့လုပ်ရန်စေခိုင်းခဲ့ကြောင်း ထွက်ဆိုခဲ့သည်ဟု စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူတစ်ဦးက ပြောကြားသည်။**

တိုက်ဂရစ်မြစ်ထဲသို့ တွန်းချခံခဲ့ရသော အီရတ်တစ်ဦးမှာ ရေနစ်သေဆုံးခဲ့ရသည်။

အမေရိကန် စစ်ဘက်ဆိုင်ရာက အဆိုပါအမှုနှင့်ပတ်သက်၍ တရားစွဲခြင်း ခံနေရသော တပ်ဖွဲ့ဝင်များကို စစ်ခုံရုံး တင်မည်မတင်မည် ဆုံးဖြတ်ရန် ကြားနာခဲ့ခြင်း ဖြစ်သည်။

အီရတ်နှစ်ဦးကို ရေထဲတွန်းချခဲ့သော တပ်ဖွဲ့ဝင် တယ်ရီဘိုမင်းက ထိုအီရတ်များကို ရေထဲတွန်းချရန် မိမိ၏ အထက်အရာရှိက အမိန့်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်ဟု စစ်ဘက်ဆိုင်ရာ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနချုပ်မှ တပ်ကြပ်ကြီး အိုင်ရင်းစင်ထရွန်က ပြောကြားသည်။

ထိုတပ်ဖွဲ့ဝင်အား မည်သူက အမိန့်ပေးသည်ဆိုခြင်းကို ဖော်ပြခြင်း မရှိပေ။ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသည် ဇန်နဝါရီလထဲ၌ အီရတ်လူမျိုးနှစ်ဦးကို တိုက်ဂရစ်မြစ်ထဲသို့ တံတားပေါ်မှ တွန်းချခဲ့မှုဖြင့် တရားစွဲဆိုခြင်း ခံခဲ့ကြရသည်။ ရေထဲသို့ တွန်းချခြင်းခံခဲ့ရသော အီရတ်နှစ်ဦးအား ညမထွက်ရ အမိန့်ကို ချိုးဖောက်သည်ဆိုကာ ဆာမာရာအနီး၌ မူလက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**လွတ်မြောက်**

ရေထဲသို့ တွန်းချခြင်းခံခဲ့ရသူတစ်ဦးဖြစ်သော ဇေဒွန့်မာမန်းဖက်ဒ်ဟီလ် အယ်လ်ဆာမာရေးမှာ ရေနစ်သေဆုံးခဲ့ပြီး သူ၏ဝမ်းကွဲတော်သူမှာ ရေထဲမှလွတ်မြောက်ခဲ့သည်။

**(အင်တာနက်)**



## ပျက်စီး

**ဘဂ္ဂဒက်အနောက်ဘက်နယ် ရာမာဒီယာအရပ်တွင် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တရုတ်နိုင်ငံအခွင့်အရေးပေးမည်

**ပေကျင်း ဇူလိုင် ၂၉**

ရှင်းလင်းလွယ်ကူသည့် ဆီလျော်သော လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပို၍အခွင့်အရေးပေးသော ပတ်ဝန်းကျင်စနစ်တစ်ရပ် ပြုပြင်ပြောင်းလဲထားသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစနစ်က ဖန်တီးပေးသွားမည်ဖြစ်သည်ဟု နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ပေကျင်း၌ ဗုဒ္ဓဟူးနေ့က ကျင်းပသော တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစနစ်ပြုပြင်ပြောင်းလဲမှု အသစ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဝန်ကြီး ကျန်ဝေဆင်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် တန်ခိုးကြီးဘုရားများနှင့် စေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့်စည်ကား

ရန်ကုန် ဇူလိုင် ၁၀

**ယနေ့သည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဝါဆိုပန်းများဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းမြတ်သော အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်လျက်ရှိကြသည်။**

ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ဘုရား၊ပုထိုး၊စေတီတော်များ၌ ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ ဓမ္မစက္ကပဝတ္တနပါဠိတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

## ရွှေတိဂုံစေတီတော်

ထိုကဲ့သို့ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ကောင်းမှုကုသိုလ်များပြုကြရာတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါတွင်းသီလခံယူပွဲဖွင့်ပွဲနှင့် ဂေါပက ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက်မုခ်ဦးအနီးရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိသတ်များက ပရိတ်တရားတော်များ နာယူကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဓမ္မစကြာရွတ်ဆို ပူဇော်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ပရိသတ်များက ဓမ္မစကြာဒေသနာရွတ်ဆိုပူဇော် မေတ္တာပို့ကြသည်။

ယနေ့ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ (ဝါဆိုလပြည့်နေ့) ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲကို ကျင်းပရာ သက်ဆိုင်ရာ ရွှေကြာသင်္ကန်းကပ်လှူမည့် ဘုရားငါးဆူ အာရုံခံတန်ဆောင်းများ၌ ဂေါပကအဖွဲ့ဝင်များနှင့်အတူ ရွှေကြာသင်္ကန်းနှင့် ဝါဆိုပန်း ကပ်လှူပူဇော်ကြသည်။

## ဆူးလေစေတီတော်

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင် မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ပန်းဖလားကိုင်၊ သာသနာ့အလံကိုင်၊ ကြေးစည်ကိုင်နှင့် ငွေဖလားကိုင်အဖွဲ့တို့က ဦးဆောင်ပြီး ရွှေကြာသင်္ကန်းများကို စေတီတော်အား လက်ယာရစ် လှည့်လည်အပူဇော်ခံကြသည်။

ထို့နောက် ကျောက်တံတားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမောင်နှင့် ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်တို့ ဦးဆောင်သောအဖွဲ့က အရှေ့ဘက်မုခ်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်အားလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်နှင့် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့ဝင် ဦးဟန်တို့ ဦးဆောင်သောအဖွဲ့က တောင်ဘက်မုခ်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်အားလည်းကောင်း၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး သန်းစိုးနှင့်ဂေါပကအဖွဲ့ဝင် ဦးကျော်လှတို့ဦးဆောင်သောအဖွဲ့က အနောက်ဘက်မုခ်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်အား လည်းကောင်း၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်တင့်နှင့် ဂေါပကအဖွဲ့ဝင် ဦးငွေစိုးတို့ ဦးဆောင်သောအဖွဲ့က မြောက်ဘက်မုခ်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်အားလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးချစ်အေး ဦးဆောင်သောအဖွဲ့က အတုလမာန်အောင်ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်ကြီးအား လည်းကောင်း ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

## ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၆ ခုနှစ် ဝါတွင်း တရားပွဲ အစီအစဉ်အရ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒကလည်းကောင်း၊ ညနေပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိကလည်းကောင်း တရားတော်များ ချီးမြှင့်ကြသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးရှိန်အောင် ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း၊ ဆွမ်း၊ ရေချမ်းနှင့် ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာ တရားနာယူပြီး ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## စွယ်တော်မြတ်စေတီ

မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထား ကိုးကွယ်တော်မူသည့် ဝရဒါဠာဓာတုစွယ်တော်မြတ်စေတီတော်(ရန်ကုန်)ဂေါပကအဖွဲ့က ကြီးမှူး၍ သတ္တမအကြိမ် ဓမ္မစကြာအခါတော်နေ့နှင့်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါ စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနွယ်၊ ဂေါပကအဖွဲ့ဝင်များ၊ သာသနာ့ဝေယျာဝစ္စ အဖွဲ့တို့က လှူဒါန်းကြသည်။

မွန်းတည့် ၁၂ နာရီတွင် ဝတ်အဖွဲ့များက ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော် ပါဠိအနက်များဖြင့် ဆက်ကပ်ပူဇော်ကြသည်။

## မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၏ (၅၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၁၆)ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ နာယက ဆရာတော် သာသနဓဇ သိရီပဝရဓမ္မစရိယ ဝိနိယပါဠိပါရဂူ ဘဒ္ဒန္တ ဇဋိလ ထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေး အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အလှူရှင်များက ဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

## မဟာဝိဇယစေတီ

မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီးရင်ပြင်ဓမ္မာရုံတွင် ကျင်းပရာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက် ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူ သီလဆောက်တည်ကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ ဓမ္မစကြာအခါတော်နေ့တွင် မဟာဝိဇယစေတီတော်၌ ရဟန်းရှင်လူ ပြည်သူများလာရောက်ဖူးမြော်ကြကာ စည်ကားလျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ကြီးမှူး၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သင်ကြားစီမံ နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော သံဃာတော် ၁၀ ပါးတို့အား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် အဆိုပါအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ (၂၇)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့နှင့် မြတ်ဗုဒ္ဓနှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား ရွှေသင်္ကန်းကပ်လှူပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ မြတ်ဗုဒ္ဓရုပ်ပွားတော်နှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေချမ်း၊ ပန်း၊ ဝါဆိုဖယောင်းတိုင်များ ဆက်ကပ်လှူဒါန်းကြကာ ဝါဆိုဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့ ဗဟိုအဖွဲ့ အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဓမ္မစကြာအခါတော်နေ့ ကျင်းပရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းထွန်း(တရားရုံးချုပ်ရှေ့နေ)က ဓမ္မစကြာအခါတော်နေ့ အကြောင်း ဟောပြောသည်။

**(သတင်းစဉ်)**



၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)



ဇူလိုင် ၁၀ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသော စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

# အင်တာနက် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း ဖွင့်လှစ်သော Internet သင်တန်း အမှတ်စဉ် (၄/၂၀၀၄) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် MICT Park ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ပညာရေးကော်မတီတာဝန်ခံ အလုပ်အမှုဆောင် ဒေါ်ခင်ခင်ဆွေက အမှာစကားပြောကြားပြီး အလုပ်အမှုဆောင် ဒေါ်မျိုးမျိုးသက်၊ ဒေါ်ခင်အေးမြင့်တို့က သင်တန်းသူ သင်တန်းသား ၅၁ ဦးကို သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး **(အပေါ်ပုံ)** သင်တန်းဆရာ ဆရာမများအား အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်အေးက အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**



1-8 (06).p65 1 03/24/1905, 10:01 PM

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဘင်းမ်စတက်အဖွဲ့ဝင်များ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား တွေ့ဆုံနှုတ်ဆက်



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Klai Kangwon Palace ၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား တွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၃၁

**ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ဇူလိုင် ၃၀ရက် ညနေ ၅ နာရီခွဲတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ ရှိ Klai Kangwon Palace ၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား တွေ့ဆုံနှုတ်ဆက်ကြသည်။**

## တွေ့ဆုံပွဲတက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူးဒူဗား၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေးကုမာရာတွန်ဂါတို့နှင့်အတူ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ် တက်ရောက်သည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃၀ ရက်က ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။**

**(သတင်းစဉ်)**



**☆ ရှေ့ဖုံးမှ**

ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီးဦးမျိုးမြင့်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Pasan Theparak တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အထူးဧည့်ခန်းဆောင်သို့ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhirakaosal က ရှေးဦးစွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

## ဂုဏ်ပြုပန်းစည်းပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၏ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

## ရင်းနှီးစွာတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လေဆိပ်ရှိ အထူးဧည့်ခန်းဆောင်၌ ခေတ္တရပ်နားကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura နှင့် ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Peninsula Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**✡ ကျောဖုံးမှ**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် Mr. Suwat Liptapanlop၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Watana Muangsook၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ကျေးဇူးတင်ရှိ

ထိုသို့ နှစ်နိုင်ငံဝန်ကြီးချုပ်များ ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံရေးသည် လွန်စွာအားရဖွယ်ဖြစ်ထွန်းလျက်ရှိပြီး ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပပျောက်ရေးလုပ်ငန်းများတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများမှာ အထူးအားရဖွယ်ကောင်းလှပြီး အောင်မြင်မှုများလည်း ရရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိုင်းနိုင်ငံက ပါဝင်ကူညီဆောင်ရွက် ပေးနေခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

## ပူးပေါင်းဆောင်ရွက်မည်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က ထိုင်းနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး စသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးနှင့်ဆက်ဆံရေးကိစ္စရပ်များ ပိုမိုတိုးတက်ဖြစ်ထွန်းရေးလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံ ဆွေးနွေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

## တွေ့ဆုံဆွေးနွေး

ထို့နောက် နှစ်နိုင်ငံဝန်ကြီးချုပ် နှစ်ဦးတို့သည် သီးသန့်ထပ်မံ၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခေတ္တတည်းခိုသည့် Peninsula Hotel သို့ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က ရင်းနှီးခင်မင်စွာဖြင့် မော်တော်ယာဉ်အထိ လိုက်ပါပို့ဆောင်နှုတ်ဆက်သည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃၀ ရက်က ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံပြီး ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က ရင်းနှီးခင်မင်စွာဖြင့် မော်တော်ယာဉ်အထိ လိုက်ပါပို့ဆောင်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်
# ထိုင်းဝန်ကြီးချုပ်နှင့်ဇနီးတို့တည်ခင်းသည့်ဂုဏ်ပြုညစာစားပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇူလိုင် ၃၀ ရက် ည ၉နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းနိုင်ငံ အစိုးရအိမ်တော်ရှိ **Santi Maitri** အဆောက်အအုံ အပြာရောင် ခန်းမ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်း ဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။





## ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ် နှင့် ဇနီးတို့က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

### ညစာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီ သင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)





## မှတ်တမ်းဓာတ်ပုံ အမှတ်တရပေးအပ်

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က မှတ်တမ်းဓာတ်ပုံအမှတ်တရ ပေးအပ်စဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုပန်းစည်းပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်း ဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းရိုးရာ ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။ (သတင်းစဉ်)



## လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူး ဒူဗား၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများအား လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ဂုဏ်ပြုညစာတည်ခင်း

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က မိန့်ခွန်းပြောကြားပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ဆုတောင်းပတ္ထနာပြုကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်းများပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က မှတ်တမ်းဓာတ်ပုံများကို အမှတ်တရပေးအပ်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် အပြန်အလှန် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် ခေတ္တတည်းခိုသည့် ဟိုတယ်များသို့ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ခင်မင်ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့က ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများအားတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

## ကြည့်ရှုအားပေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နှင့် ဇနီး ခွန်ယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ဖျော်ဖြေမှုကိုကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)







**ဇူလိုင်၃၀ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဗန်ကောက်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ် Gen. Thammarak Issarangura နှင့် အဖွဲ့ဝင်များက လေဆိပ် အထူးဧည့်ခန်းဆောင်တွင် ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။**

(သတင်းရှေ့ဖုံး)(သတင်းစဉ်)

## ပရိယတ္တိအသင်းဆွမ်းဆန်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟဆန်လှူအသင်းကြီး၏ (၂၂၂)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ရွှေတိဂုံစေတီရင်ပြင် ဦးမောင်ကလေး–ဒေါ်ကျုတ် တန်ဆောင်းတော်ကြီး၌ ဒုတိယဝါဆိုလပြည့်နေ့၌ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက် ၁၆၆ တိုက် မှ စာချစာသင် သံဃာတော်ပေါင်း ၁၇၀၀၀ ကျော်တို့အား ဆွမ်းဆန်တော်တင်း ၄၅၀၀ တန်ဖိုးငွေကျပ် သိန်းတစ်ရာ့ခုနစ်ဆယ်ကျော်ဖိုး လှူဒါန်းကြသည်။

အဆိုပါဆွမ်းဆန်တော် လှူဒါန်းပွဲတွင် အသင်းကြီး၏ ဩဝါဒါစရိယ ရွှေလှိုင်ဆရာတော် ဘဒ္ဒန္တသံဝရဇောတ လပြည့်နေ့ ၁နာရီတွင် ရေစက်သွန်းချတရားဟောကြားပြီး ဆွမ်းဆန်တော်များကို ဩဂုတ်၁ရက်မှစ၍ ကျောင်းတိုက်အသီးသီးသို့ လှူဒါန်းကြမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

## မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးများနိုင်

ရန်ကုန် ဇူလိုင် ၃၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့၌နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေပြီး ဩဂုတ် ၁ရက် ညနေအထိ ခန့်မှန်းချက်အရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

**World Breastfeeding Week**

(၁–၈–၂၀၀၄ မှ ၇–၈–၂၀၀၄)

လုံခြုံပြည့်ဝ စိတ်ချရေး

မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard

Safe,Sound, Sustainable

**ကျန်းမာရေးဝန်ကြီးဌာန**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၃၀–၇–၂၀၀၄**

| | | |
|---|---|---|
| မုဒုံမြို့ | – | ၆ ဒသမ ၅၃ လက်မ |
| မော်လမြိုင်မြို့ | – | ၄ ဒသမ ၆၈ လက်မ |
| သထုံမြို့ | – | ၂ ဒသမ ၅၆ လက်မ |
| ကမ္ဘာအေး | – | ၀ ဒသမ ၀၄ လက်မ |

# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးလောက၏ အောင်မြင်မှုမှတ်တိုင်

ဒေါက်တာဘမြင့်
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)

၁၉၆၀ ပြည့်နှစ် မတိုင်မီက မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်မီသော သွားဘက်ဆိုင်ရာ ဆရာဝန်အနည်းငယ်သာရှိပြီး မိရိုးဖလာသွားစိုက်ဆရာများသာ ရှိခဲ့သည်။

၁၉၆၄ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးကောလိပ်ကို ရန်ကုန်တွင်ဖွင့်လှစ်ခဲ့ပြီးနောက် ဘီဒီအက်စ်ဘွဲ့ရ သွားဘက်ဆိုင်ရာဆရာဝန် တစ်နှစ်လျှင် ၅၀ မှ ၆၀ ခန့် ပုံမှန်မွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ ၁၉၉၈ ခုနှစ်တွင် မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် အချိုးအစား ပိုမိုမျှတမှုရှိစေရန် လက်ခံသည့် ကျောင်းသားဦးရေကို ၂၀၀၀ ပြည့်နှစ်တွင် ၁၅၀၊ ၂၀၀၃ ခုနှစ်မှစ၍ ၂၀၀ အထိ တက္ကသိုလ်နှစ်ခုစလုံးတွင် တိုးမြှင့်လက်ခံခဲ့သည်။

နိုင်ငံတော်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များတွင် ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါတွင် မဟာသိပ္ပံဘွဲ့( M.D.Sc.)၊ ပါရဂူဘွဲ့( Dr.D.Sc)သင်တန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ဆေးသိပ္ပံပညာဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် အောင်မြင်စွာဖွင့်လှစ်ထားရှိသည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းကို ၁၉၇၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာတိုးတက်ရေးကိစ္စရပ်များကို ပြည်တွင်းတွင် ဆောင်ရွက်ရုံသာမက အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာ အဖွဲ့အစည်း (Federation Dentaire International)၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အဖွဲ့အစည်း (Asia Pacific Dental Federation) တို့နှင့် လည်းကောင်း၊ Japanese Cleft Palate Foundation (JCPF)၊ Asia Oral Health Promotion Society (AOPF) အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Joint Scientific Meeting) များကိုလည်းကောင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသမှု (Cleft Lip and Palate Surgery) များကိုလည်းကောင်း အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင် I.C.C.D.E (International College of Continuing Dental Education) မှ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းသို့ Joint Scientific Meeting ကျင်းပခွင့်ပြုရန် ကမ်းလှမ်းလာခဲ့သည်။ ထိုသို့ ကမ်းလှမ်းလာရာတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသရန်လည်းကောင်း၊ ခေတ်မီတိုးတက်ဖွံ့ဖြိုးနေသော သွားဘက်ဆိုင်ရာ ဆေးပညာများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပြီး ပညာချင်းဖလှယ်ရန်လည်းကောင်း၊ ကွင်းဆင်းကုသပေးမှုများ ပြုလုပ်ရန်လည်းကောင်း ပါရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ မေးရိုး၊ မျက်နှာ၊ ခံတွင်း ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကိုကိုမောင် ဦးဆောင်၍ သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်စန်းနှင့် အဖွဲ့ဝင်များပါဝင်ပြီးI.C.C.D.E အဖွဲ့မှ ကိုယ်စားလှယ် Mount Elizabeth ဆေးရုံ (စင်ကာပူနိုင်ငံ)မှ ခွဲစိတ်ဆရာဝန်ကြီး Dr. Myra Elliotte ဦးဆောင်သောအဖွဲ့သည် ၁၂-၇-၂၀၀၄မှ ၁၆-၇-၂၀၀၄ နေ့အတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၅ဦးကို ခွဲစိတ်ကုသပေးခဲ့သည်။ ပူးပေါင်း ခွဲစိတ်ကုသမှုအဖွဲ့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၅ဦးအပြင် အောက်မေးရိုး ခွဲစိတ်ကုသမှုကြီးတစ်ခု (Hemi-Mandibulectomy) ကိုပါ ပြုလုပ်ခဲ့သည်။

ဤသို့ ခွဲစိတ်ကုသပေးခဲ့ရာတွင် မေးရိုးအဆစ်ဆက်နေသော ရောဂါ (TMJ Ankylisis Right Side) ရောဂါဖြစ်နေသော ဒဂုံတက္ကသိုလ်၊ ဒုတိယနှစ် ဘူမိဗေဒကျောင်းသား မောင်ဇေယျာအောင် အသက်(၁၈)နှစ်အား စင်ကာပူနိုင်ငံ I.C.C.D.E အဖွဲ့မှ ခွဲစိတ်ကုဆရာဝန်ကြီး Dr. Myra Elliotte နှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

မောင်ဇေယျာအောင် အသက်(၄)လခန့်အရွယ်တွင် ၎င်းအား ပွေ့ချီထားရာမှ လွတ်ကျပြီး မေးရိုးတွင် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာမပြင်းထန်သဖြင့် အမှုမဲ့အမှတ်မဲ့ နေခဲ့ရာ အသက်(၆)လခန့်တွင် ပါးစပ်ကောင်းစွာ မဟနိုင်တော့ကြောင်း သတိပြုမိခဲ့ကြသည်။ အသက်(၉)လခန့်တွင် မျက်နှာ တစ်ဖက်နှင့်တစ်ဖက် တူညီမှုမရှိကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်ဆေးရုံကြီးတွင်



သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ မေးရိုး၊ မျက်နှာ၊ ခံတွင်း ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးကိုကိုမောင်က ရှင်းလင်းပြောကြားစဉ်။

ပြသခဲ့ရာ အသက်(၃)နှစ်တွင် ပထမဦးဆုံးအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့သည်။ သို့သော် (၁)နှစ်ခန့်အကြာတွင် ပါးစပ်ဟနိုင်ခြင်း မရှိတော့သဖြင့် အသက်(၆)နှစ်တွင် ဒုတိယအကြိမ် ခွဲစိတ် ကုသမှု ထပ်မံခံယူခဲ့ရာ ပါးစပ်ကောင်းစွာ မဟနိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ကုသမှု ခံယူခဲ့ခြင်း မပြုသောကြောင့် ပါးစပ်မှာ လုံးဝမဟနိုင်တော့ဘဲ ခက်ခဲစွာ စားသောက်နေရပြီး စကားပြောဆိုမှုမှာလည်း ပီသမှုမရှိ ဖြစ်နေခဲ့သည်။ (၁၂)နှစ်တိုင်တိုင် ပင်ပန်းဆင်းရဲစွာ နေခဲ့ရသော်လည်း တက္ကသိုလ် ကျောင်းသား ဖြစ်လာသည်အထိ ဇွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ခဲ့သော မောင်ဇေယျာအောင်သည် ၎င်း၏အခက်အခဲကို ကျော်လွှားနိုင်ရန် ဇူလိုင်လ ၈ ရက်နေ့တွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုပညာဌာနသို့ လာရောက်ပြသရာ ဓာတ်မှန်မျိုးစုံရိုက်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ခွဲစိတ်ကုသပေးရန် စီစဉ်ခဲ့သည်။

စင်ကာပူနိုင်ငံမှ Dr. Myra Elliotte သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ ရောက်ရှိလာစဉ် မောင်ဇေယျာအောင်အား တွေ့ရှိသည့်အခါ လူနာအားများစွာ စိတ်ဝင်စားမှုရှိပြီး ပူးပေါင်းခွဲစိတ်လိုကြောင်း မေတ္တာရပ်ခံမှုကြောင့် Dr. Myra Elliotte ° နှင့်အတူ ပူးပေါင်း ခွဲစိတ်ရန် စီစဉ်ခဲ့သည်။



၁၂ နှစ်တိုင်တိုင် ပါးစပ်ဟမရခဲ့သည့် ဝေဒနာရှင် မောင်ဇေယျာအောင် ၁၈နှစ် ဒဂုံတက္ကသိုလ် ဒုတိယနှစ် (ဘူမိဗေဒ)အား မခွဲစိတ်မီ တွေ့ရစဉ်။



ဇူလိုင် ၁၆ရက်က ခွဲစိတ်ကုသအပြီး မောင်ဇေယျာအောင်အား တွေ့ရစဉ်။

သဃ်န်းကျွန်း စံပြဆေးရုံကြီး ရင်ခေါင်းရောဂါ ဆေးပညာဌာနမှ Fibre Optic Endoscope ကို ငှားရမ်း၍ မေ့ဆေးပေးနိုင်ရန် Intubation ပြုလုပ်မှုကို မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်စန်းနှင့် စင်ကာပူ မေ့ဆေးဆရာဝန်များအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာန၌ ခွဲစိတ်ကိရိယာများပြည့်စုံစွာ ရှိနေခြင်းကြောင့် ခွဲစိတ်မှုကို လွယ်ကူချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုကို ၄ နာရီကြာ ဆောင်ရွက်ခဲ့ရသည်။ ထိုကဲ့သို့ (၁၂) နှစ်ကြာ ပါးစပ်ဖွင့်၍ မရသော အသက်(၁၈)နှစ်အရွယ်ရှိ မောင်ဇေယျာအောင်ကို အောင်မြင်စွာပူးတွဲခွဲစိတ် ကုသနိုင်သည်မှာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာလောကအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ဤကဲ့သို့ ပါးစပ်ဖွင့်၍ မရသော လူနာနှစ်ဦးကိုလည်း ပါမောက္ခ ဦးကိုကိုမောင် ဦးဆောင်၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အဖွဲ့က အောင်မြင်စွာ ကုသပေးခဲ့ဖူးသည်။

ယနေ့အချိန်ကာလတွင် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှု (Oral and Maxillo-Facial Surgery)ပညာရပ်တွင်သာမက အခြားအခြားသော သွားဘက်ဆိုင်ရာ ဆေးပညာကဏ္ဍများတွင်လည်း တစ်ပြေးညီ တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ သွားပိုးစားရောဂါမှ သွားမြစ်တွင်း ပြည်တည်နာ အဆင့်အထိ ရောက်ရှိလျှင် ယခင်က သွားများကို နုတ်ပစ်ရသည့် အခြေအနေမှ ယခုအခါ သွားမြစ်တွင်းကုသမှု (Root Canal Therapy) ဖြင့် နိုင်ငံတကာ အဆင့်မီ ကုထုံးနည်းများကို အသုံးချ၍ သွားများမဆုံးရှုံးအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

မည်သို့မှ ကုသ၍ မရနိုင်သောကြောင့် သွားနုတ်ရသည့်အခါ အစဉ်အလာအားဖြင့် ဘေးသွားအကောင်းများ (Sound Natural Teeth) ကို စား၍ သွားအသေစိုက်ခြင်း (°Bridge) စနစ်မှ ယခုအခါ ဘေးသွားများ မထိခိုက်ဘဲ (Minidental Implant)များ အသုံးပြု၍ သွားအသေစိုက်ခြင်းများကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်လျက်ရှိပြီး မကြာမီ တိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုအရေးကြီးသည့်အလျောက် သွားနှင့် ခံတွင်းရောဂါ မဖြစ်ပွားမီ ကာကွယ်ရေးလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံသွား ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင်လည်းကောင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)နှင့် အသင်းခွဲများတွင် လည်းကောင်း၊ ပညာပေးခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာလောကတွင် ကာကွယ်ရေးလုပ်ငန်းများ (Preventive)၊ ကုသရေးလုပ်ငန်းများ (Curative)°၊ ပြန်လည်အစားထိုး ပြုပြင်ရေးလုပ်ငန်းများ (Rahabilitative)၊ သွားအလှ ပြုပြင်ရေး (Esthetic)လုပ်ငန်းများ တိုးတက်နေရုံသာမက သွားဘက်ဆိုင်ရာ ခံတွင်းရောဂါများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများကို တိုးတက်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နေသည့် လုပ်ငန်းများထဲတွင် ပြည်တွင်းပညာရှင်များက သုတေသနလုပ်ငန်းများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်စာတမ်းတင်သွင်းခြင်းများကို နှစ်စဉ်ပြုလုပ်နိုင်ခဲ့သည်။

သုတေသနလုပ်ရပ်များတွင် မြန်မာပညာရှင်များသာမက နိုင်ငံခြားမှ ပညာရှင်များပါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)သို့ လာရောက်ပြီး မြန်မာပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် သုတေသနလုပ်ငန်းများလည်း လုပ်ဆောင်ခဲ့ဖူးသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဂျပန်နိုင်ငံ တိုကျို (Medical and Dental University) မှ ပါရဂူဘွဲ့ သင်တန်းသူတစ်ဦးသည် ၎င်း၏ ပါရဂူဘွဲ့အတွက် ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ မေးရိုးနှင့်ခံတွင်း ဆေးပညာဌာနနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် သုတေသနများပြုလုပ်ပြီး ၎င်း၏ပါရဂူဘွဲ့ကျမ်းကြီး၏ တစ်စိတ်တစ်ဒေသအဖြစ် တင်သွင်းပြီး ၎င်းတက္ကသိုလ်တွင် ပါရဂူဘွဲ့ကို ရရှိခဲ့သဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးလောက၏ သုတေသနလုပ်ငန်းများ အောင်မြင်တိုးတက်လျက်ရှိနေသည်မှာ ထင်ရှားလျက်ရှိနေသည်။ ၎င်းက မြန်မာပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်ခဲ့သော သုတေသနစာတမ်းကို ဘရာဇီးလ်နိုင်ငံ ခံတွင်းရောဂါဗေဒ ညီလာခံတွင် ၂၀၀၂ ခုနှစ်၌ တင်သွင်းခဲ့ပြီး (International Journal of Oral Medicine and Pathology)တွင်လည်း ၂၀၀၃ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ သို့ဖြစ်၍ သွားဘက်ဆိုင်ရာ ဆေးပညာသည် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီအားပေးမှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အဘက်ဘက်မှ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

ယနေ့အချိန်ကာလတွင် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှု (Oral and Maxillo-Facial Surgery)ပညာရပ်တွင်သာမက အခြားအခြားသော သွားဘက်ဆိုင်ရာ ဆေးပညာကဏ္ဍများတွင်လည်း တစ်ပြေးညီ တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ သွားပိုးစားရောဂါမှ သွားမြစ်တွင်း ပြည်တည်နာ အဆင့်အထိ ရောက်ရှိလျှင် ယခင်က သွားများကို နုတ်ပစ်ရသည့် အခြေအနေမှ ယခုအခါ သွားမြစ်တွင်းကုသမှု (Root Canal Therapy) ဖြင့် နိုင်ငံတကာအဆင့်မီ ကုထုံးနည်းများကို အသုံးချ၍ သွားများ မဆုံးရှုံးအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီဂေါပကအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃၁

**ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ဓမ္မာရုံသစ်ကြီး၌ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော်မူပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

## ဝါဆိုသင်္ကန်းကပ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်ချအမျှဝေ

ထို့နောက် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တဝါယမထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓစက်တော်ရာ တန်ဆောင်း၌ ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသုံးစွဲကြရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ပုံစံရေးဆွဲထုတ်လုပ်ရေးနှင့် တည်ဆောက်ရေး ကြီးကြပ်မှုတွင် ယခုကဲ့သို့ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ပေးမှုကြောင့် ဖြစ်ထွန်းလာသည့် စေတီတော်ရင်ပြင်အတွင်း ကျယ်ဝန်းသန့်ရှင်းလာမှု၊ တင့်တယ် သပ္ပာယ်မှုတို့ကို ထာဝရတည်တံ့ခိုင်မြဲနေအောင် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်း၊ စေတီတော်ရင်ပြင်အတွင်း သန့်ရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် စေတီတော် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများကို ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အကြံပေးအရာရှိ ဦးအောင်ဆန်းက စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား ဘုရားကြီးကိုးဆူတန်ဆောင်းကို ပြုပြင်မွမ်းမံ တည်ဆောက်ပေးမှုကြောင့် ရင်ပြင်တော်လျှောက်လမ်းမှာ ယခင်ကထက် ပိုမိုကျယ်ဝန်းသွားပြီး ဘုရားဖူးများ လွတ်လွတ်လပ်လပ် သွားလာဖူးမြော်နိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ အဘက်ဘက်မှ တင့်တယ်သပ္ပာယ်လာမှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုအပ်ကြောင်း၊ တန်ဆောင်းပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ စေတနာသဒ္ဓါစိတ် ပိုမိုဖြစ်ပေါ်လာရေးအတွက် လှူဒါန်းခဲ့သော အလှူရှင်စာရင်းအား တန်ဆောင်းကြီးနှင့် တင့်တယ်လိုက်ဖက်သည့် ကမ္ပည်းကျောက်စာ ရေးထိုးနိုင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**



ဇူလိုင် ၃၁ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီးဒေါ်ခင်လှလှတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



**ရွှေဘုန်းပွင့်စေတီတော်တတိယ အကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်စဉ်။ (သတင်းစဉ်)**



ဇူလိုင် ၃၁ရက်က တရားရုံးချုပ်(ရန်ကုန်)ဝန်ထမ်းမိသားစုများ၏ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် တရားသူကြီးချုပ်ဦးအောင်တိုးက ဆရာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် အထိမ်းအမှတ် ဆန်စပါးပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး စာပေ၊ပိုစတာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃၁**

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေး လုပ်ငန်းကော်မတီ၏ စာပေပြိုင်ပွဲနှင့် ဆွေးနွေးပွဲကျင်းပရေး ဆပ်ကော်မတီက ဆန်စပါးပညာရှင် နှင့် ဆန်စပါးလုပ်ငန်းရှင်ကြီးများနှင့် မြန်မာ့ရုပ်သံ တွေ့ဆုံဆွေးနွေးခန်းကို ထုတ်လွှင့်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် လုပ်ငန်းအဖွဲ့ငယ်များ အလိုက် စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတို့ကိုလည်း ကျင်းပပေး မည်ဖြစ်သည်။

## စာစီစာကုံးနှင့်ဉာဏ်စမ်းပဟေဠိ

စာစီစာကုံးပြိုင်ပွဲတွင် တက္ကသိုလ် အဆင့်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများ ပါဝင် ပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အထက်တန်းအဆင့် ပါဝင်မည်ဖြစ်ပြီး ဉာဏ်စမ်းပဟေဠိယှဉ်ပြိုင်မှုကို မြန်မာ့ ရုပ်သံမှ လွှင့်ထုတ်သွားရန် စီစဉ်ထား သည်။

## ဆောင်းပါး

ဆောင်းပါးပြိုင်ပွဲတွင် အလွတ် တန်းအဆင့်ပြိုင်ပွဲကို ကျင်းပပေးမည် ဖြစ်ပြီး **“ဘဝအတွက် ဆန်သည် အသက်”** ဟူသော ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ နှင့် ၅၀၀၀ ကြား ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဆောင်းပါးများကို ဦးမောင်မောင်လေး (ဒုတိယအထွေထွေမန်နေဂျာ)မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးစေတီလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့်အတူ ၂၀၀၄ ခုနှစ် ဩဂုတ်၃၁ရက် အရောက် ပေးပို့ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

## ပိုစတာ

ပိုစတာပြိုင်ပွဲတွင် အလွတ်တန်းနှင့် အသက်၂၀နှစ်နှင့်အထက်၊ အသက် ၂၀နှစ်နှင့်အောက် အတန်းများ ပါဝင် မည်ဖြစ်သည်။




## ရည်ညွှန်းစာစောင်

ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မည့်သူ များအတွက် လေ့လာရန် စာအုပ် စာစောင်များအဖြစ် မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်းမှ ဦးကျော်မြင့်ရေးသား သော မြန်မာနိုင်ငံ ဆန်စပါးတိုးတက် စိုက်ပျိုးထုတ်လုပ်ရေး စာအုပ်တွင် ပါဝင်သည့် အထူးအထွက်တိုး၊ စပါး စိုက်ပျိုးရေးနှင့် ၂၀၀၄ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လထုတ်သတင်းစာပါ ဆောင်းပါး များ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ လယ်ယာစီးပွားသတင်း ဂျာနယ်ပါ အပြည်ပြည်ဆိုင်ရာ ဆန် စပါးနှင့် အထူးထုတ် အချပ်ပိုပါ ဆောင်းပါးနှင့် သိမှတ်စရာများကို သတ်မှတ်ပေးထားသည်။

## လေ့လာနိုင်

လယ်ယာစီးပွားသတင်းကို ဖတ်ရှု လေ့လာလိုသူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးရုံးများနှင့် လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရုံးများတွင် ဆက်သွယ် လေ့လာနိုင်ကြသည်ဟု သိရသည်။

## ဆက်သွယ်နိုင်

ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လို သူများသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ကျင်းပရေး လုပ်ငန်း ကော်မတီ အတွင်းရေးမှူး တယ်လီဖုန်း ၆၆၆၀၂၃ နှင့် ၆၆၆၃၅၀ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အာမခံ လုပ်ငန်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်း မိသားစု၏ ဆဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ မြန်မာ့အာမခံ လုပ်ငန်း(ရုံးချုပ်) ဆဌမ ထပ်၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ကျောင်းတိုက်မှ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏလင်္ကာရထံမှ ဉာဉ့်ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့အား ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး ဒေါ်သောင်းရီ၊ အရာထမ်း၊ ဝန်ထမ်း မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။ **(မြန်မာ့အလင်း)**

# စီးပွားဖြစ်ထွန်းတိုးတက်အောင် စက်မှုလယ်ယာစိုက်ပျိုးရေးအသွင်ဖြင့် လုပ်ဆောင် စိုက်ပျိုးရေးစနစ် ကောင်းမွန်မှန်ကန်ရေး သုတေသနပြု ဒေသနှင့် ကိုက်ညီမည့် နည်းပညာပေး

ရန်ကုန် ဇူလိုင် ၃၁

**မွန်ပြည်နယ်မော်လမြိုင်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကရင်ပြည်နယ် ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့၌ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။**

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီတွင် မွန်ပြည်နယ်မော်လမြိုင်မြို့မှ မော်တော်ယာဉ်များဖြင့် မော်လမြိုင်–ဘားအံ ကားလမ်းအတိုင်း ထွက်ခွာကြပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်ခြားဂျိုင်း(ဇာသပြင်)တံတားသို့ ရောက်ရှိလာကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာ၌ ကျင်းပသော မိုးစပါးစိုက်စနစ်မှန်ကန်ရေး သရုပ်ပြပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် အစီး ၅၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ဘားအံမြို့နယ်တော်ပုံကျေးရွာ၌ ကျင်းပသော မိုးစပါးစိုက်စနစ်မှန်ကန်ရေး သရုပ်ပြပွဲနှင့် လယ်ယာ(၁၆)လက်တွန်း ထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် စိုက်ပျိုးနည်းစနစ်ပြကွက်များကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးမြေယာဖော်ထုတ်စိုက်ပျိုးမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ထားမှု အခြေအနေ၊ ကရင်ပြည်နယ်၌ စပါးဧက ငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်အရ ၂၀၀၄–၂၀၀၅ခုနှစ်တွင် လပ်မြေနှင့် တောရိုင်းမြေတို့မှ ဧက ၁၄၀၀၀၀ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးမည့် အစီအစဉ်၊ တောင်သူလယ်သမားများအား ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်နိုင်ရန် အသိပညာပေးပံ့ပိုးကူညီမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဋွေးက လယ်ယာကဏ္ဍအကောင်အထည်ဖော်ရေး စီမံထားရှိမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏လူဦးရေအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဖြင့် စီးပွားဖြစ်ထွန်းဖွံ့ဖြိုးတိုးတက်အောင် စက်မှုလယ်ယာစိုက်ပျိုးရေးအသွင်ဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းမွန်မှန်ကန်ရန်လည်းလိုအပ်ကြောင်း၊ စိုက်ပျိုးရေးနည်းစနစ်ကောင်းမွန်မှန်ကန်အောင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သုတေသနပြု၍ ဒေသအခြေအနေနှင့် ကိုက်ညီသော နည်းစနစ်များကို အသိပညာပေးလျက်ရှိကြောင်း။

တောင်သူလယ်သမားများသည် စိုက်ပျိုးရေးဝန်ထမ်းများထံမှ စိုက်ပျိုးနည်းစနစ်များရယူ၍ လက်တွေ့အသုံးချဆောင်ရွက်ကြခြင်းဖြင့် စိုက်ပျိုးရေးဖြင့် လူနေမှုဘဝ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် ရောင်းချပြီးဖြစ်သည့် လယ်ယာ(၁၆)လက်တွန်းထွန်စက်အစီး ၅၀ ရောင်းချပေးခြင်း စာချုပ်စာတမ်းများလွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ကရင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးသန်းထွန်းက ဝယ်ယူသူများအား လွှဲပြောင်းပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရောင်းချပြီးဖြစ်သော လယ်ယာ(၁၆) လက်တွန်းထွန်စက်များအား ဝယ်ယူသူများထံလွှဲပြောင်းပေးအပ်မှုနှင့် လက်တွန်းထွန်စက်များ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ၂၀၀၄–၂၀၀၅ ခုနှစ် လပ်မြေ ၂၁၅ဧကဖော်ထုတ်ခြင်း၊ မိုးစပါးစိုက်ကွင်း၌ သရုပ်ပြသော စပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ကြိုးတန်းဆွဲ၍ လက်စုချနည်းဖြင့် စိုက်စနစ်ပြကွက် စပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်စနစ်ပြကွက်၊ စပါးရွက်အရောင်ခွဲခြား၍ ပုလဲဓာတ်မြေဩဇာလိုအပ်မှုခန့်မှန်းခြင်းပြကွက်၊ မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်ပါဝင်မှုစမ်းသပ်ကွက်(Omission Plot) ပြကွက်၊ ခေတ်သစ်ပျိုးထောင်နည်း (SRI)ပြကွက်တို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည်နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကော့ကရိတ်မြို့နယ် လေးတိုင်ကျေးရွာ၌ ကျင်းပသည့် ကော့ကရိတ်ခရိုင် မိုးစပါးစိုက်စနစ်မှန် စိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုသည်။

ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်က မိုးစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးမှုအခြေအနေ၊ လျာထားသတ်မှတ်ထားသည့် မိုးစပါးစိုက်ဧက ပြည့်မီအောင် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားမှုအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့ကရိတ်မြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်းက ကော့ကရိတ်ခရိုင်၌ စပါးအပါအဝင် အဓိကသီးနှံများစိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး မိုးစပါးစိုက်စနစ်မှန် စိုက်ပျိုးခြင်း သရုပ်ပြမှုအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က သရုပ်ပြကောက်စိုက်အဖွဲ့ ခုနစ်ဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ဘားအံခရိုင် ဘားအံမြို့နယ် ကျားကလေးကျေးရွာသို့ ရောက်ရှိကြပြီး ကျားကလေး–သံလှယ်–ခရားအတွင်း–ဇာသပြင်(အနောက်) ပရဟိတလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေး ပြည်သူတစ်ရပ်လုံး နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင်၂၇ရက် နံနက် ၇ နာရီခွဲက ဆားလင်းကြီးမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ဖောင်းကတာစံပြကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပသော ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။**

အခမ်းအနားတွင် ဖောင်းကတာစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၁ရွာမှ ဒေသခံပြည်သူ ၁၀၀၀ခန့်တက်ရောက်ပြီး ကျေးရွာများက မိမိတို့ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုများနှင့် ဒေသလိုအပ်ချက်များကို တင်ပြကြသည်။

## တွေ့ဆုံမှာကြား

အသင်းဗဟိုအတွင်းရေးမှူးဗိုလ်မှူးချုပ်ကျော်ဆန်း**(အပေါ်ပုံ)**က ကျေးလက်ပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအခါ နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထုအတွက် အဘက်ဘက်က အကျိုးပြုလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

## ပေးအပ်လှူဒါန်း

ဝန်ကြီးသည် ဖောင်းကတာ စံပြကျေးရွာ စာသင်ကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်း၊ တုံကျေးရွာ စာသင်ကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် ဖောင်းကတာကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်နှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်မော်တော်ယာဉ်ဖြင့်ဆက်လက်ထွက်ခွာခဲ့ရာ မုံရွာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံကျေးလက် ဖွံ့ဖြိုးရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

## လက်တွေ့ကျကျဆောင်ရွက်

အခမ်းအနားတွင် အသင်းဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာ၌ သင်တန်းသူ၊ သင်တန်းသားများက ကျေးလက်နေပြည်သူ၏ ဘဝ မြှင့်တင်ပေးနိုင်ရန် ယခုလို အသိပညာ အတတ်ပညာ၊ ဗဟုသုတများကို စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များနှင့် ပူးပေါင်း၍ လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပေးလိုက်သည့် အသိပညာ အတတ်ပညာဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် လက်တွေ့ကျင့်သုံးကြရန်လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ရွာလူထုကို ဦးဆောင်စည်းရုံးပြီး ဒေသအကျိုး ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်ရွာလူထု ပါဝင်လာအောင် လက်တွေ့ကျကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ကို တိုက်တွန်း မှာကြားသည်။

ဆက်လက်၍ အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ ထို့နောက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် တိုင်းအမှုဆောင်များက မုံရွာစီးပွားရေးတက္ကသိုလ်မှ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

1-8 (12).p65 1 03/24/1905, 10:01 PM

# တရုတ်အသင်းချန်ပီယံဖြစ်ရေးလက်တစ်ကမ်းအကွာသို့ရောက် ဥဇဘက်တို့ပယ်နယ်တီရေတိမ်နစ်ပြီးဘာရိန်းတို့အကြိုဗိုလ်လုပွဲတက်

**သတင်းဆောင်းပါး—မောင်မောင်မြင့်ဆွေ**

**ရန်ကုန် ဇူလိုင် ၃၁**

အာရှဖလားကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များကို ဇူလိုင်၃၀ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် ချန်ဒူးမြို့တွင်ကျင်းပခဲ့ရာ ပေကျင်းမြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ရှင်တရုတ်နှင့် အီရတ်တို့ပွဲတွင် တရုတ်က သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ချန်ဒူးမြို့တွင်ယှဉ်ပြိုင်ကစားခဲ့သည့် ဥဇဘက်ကစ္စတန်နှင့် ဘာရိန်းတို့ပွဲတွင် ဘာရိန်းက ခြောက်ဂိုး–ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြရာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြပြီး အာရှဖလားရယူရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကွာတားဖိုင်နယ်ပထမပွဲစဉ်အဖြစ် ချန်ဒူးမြို့ စီချွမ်စပေါ့စ်တာကွင်း၌ ဥဇဘက်ကစ္စတန်နှင့် ဘာရိန်းတို့ပွဲမှာ ကွာတားဖိုင်နယ် အဆင့်အတန်းနှင့် ကိုက်ညီစွာ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရပြီး ပွဲကြီးပွဲကောင်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ဥဇဘက်နှင့် ဘာရိန်းတို့ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် တောင်ကိုရီးယားဒိုင် ကွမ်ဂျောင်ချူက ဆောင်ရွက်ပြီး အကူဒိုင်လူကြီးများအဖြစ် ဟောင်ကောင်မှ လီယူတိတ်နှင့် ချန်ဒရာဂျီတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဥဇဘက်အသင်းတွင် ဂိုးအီဂျိနီဆာဖာနော့ဗ်၊ နောက်တန်းတွင် အင်ဒရာဖရို ဒိုရော့ဗ်၊ အက်ရောအလီကူလော့ဗ်၊ အလက်ဇီနီကိုလက်ဗ်တို့ကို ထားပြီး အလယ်တန်းတွင် မက်ဂျာလာကာစီမော့ဗ်၊ အင်ဒရီအက်ကော့ရင့်စ်၊ ဆာဗာဒိုင်ပီရော့ဗ်၊ အင်ဗာဂျွန်ဆိုလီယက်ဗ်၊ တီမူရာကာဗက်ဇီတို့ကို အသုံးပြုပြီး ရှေ့တန်းတွင် ဗလာဒီမီယာစီရီလော့ဗ်၊ အလက်ဇန္ဒားဂေးနရစ်တို့ ပါဝင်ကြသည်။

**အချိတ်အဆက်**

ဥဇဘက်အသင်းနည်းပြ ရာရှန်ဟေဒါရော့ဗ်က သူ့အသင်းကို ၃–၅–၂ ပုံစံဖြင့် ကစားစေခဲ့ရာ ဥဇဘက်တို့ ပွဲစသည်နှင့် အလယ်တန်းနှင့် ရှေ့တန်းတို့ အချိတ်ဆက်မိမိကစားနိုင်ကြပြီးဘာရိန်းအသင်းဘက်သို့ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သည်။ ဥဇဘက်ရှေ့တန်းတွင် ရုရှားလိဂ် စီအက်စ်ကေအေ မော်စကိုအသင်းတွင် ကစားနေသည့် ၁၉နှစ်အရွယ်လူငယ်တိုက်စစ်မှူး အလက်ဇန္ဒားဂေးနရစ်မှာ ဘာရိန်းနောက်တန်းကို ထိုးဖောက်ကစားနိုင်ပြီး သူနှင့်အတူ မောလ်ဒိုဗာထိပ်တန်းကလပ် ရှာဘင်အသင်းတွင် ကစားနေသည့် စီရီလော့ဗ်ကလည်း အတွဲညီစွာ ကစားနိုင်ခဲ့သည်။

ဥဇဘက်အလယ်တန်းမှ အသင်းခေါင်းဆောင် မက်ဂျာလာကာစီမော့ဗ်နှင့် အင်ဒရီအက်ကော့ရင့်စ်တို့မှာ ဘောလုံးပေးပို့မှု မှန်ကန်တိကျသဖြင့် တိုက်စစ်ကို အထောက်အကူပေးနိုင်ခဲ့ရာ ဥဇဘက်တို့ အကြိမ်များစွာ ထိုးဖောက်ကစားနိုင်ခဲ့သည်။

ဘာရိန်းတို့ကလည်း ဥဇဘက်၏ ထိုးဖောက်ကစားမှုကို ဟန့်တားရင်း တိုက်စစ်ဖွင့်ကစားရာမှ ပွဲချိန်၂၉မိနစ်တွင် ဘာရိန်းကွင်းလယ်ကစားသမား မိုဟာမက်ဂျာလာ အဝင်ကြမ်းမှုကြောင့် အဝါကတ်အပြခံရသည်။ ဥဇဘက်ထိုးဖောက်တိုက်စစ်ဆင်ကစားနေရာမှ ပွဲချိန် ၃၁မိနစ်တွင် ဘာရိန်းနောက်ခံလူ ဟူစိန် ဘာဘာ ဘောလုံးဟန့်တားရာတွင်လူချသလိုဖြစ်သဖြင့်အဝါကတ်ပြခံရပြီး ပွဲချိန်၃၃မိနစ်တွင် ဥဇဘက်က အလယ်တန်းမှအင်ဗာဂျွန်ဆိုလီယက်စ်အစား အီဒါမက်ဒီဗ်ဝင်ရောက်ကစားခဲ့သည်။

ဘာရိန်းတို့ကဥဇဘက်ကစားကွက်ကို ကွင်းလယ်တွင် ဖြတ်တောက်ကာ တိုက်စစ်ဆင် ကစားနိုင်သော်လည်း ဘာရိန်းတိုက်စစ်မှူးများရသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်ကြရာ ဒုတိယပိုင်း ပွဲစတင်သည်နှင့် ဥဇဘက်တို့ အဝေးပေး၊ အနီးပေးကစားကွက်ဖြင့် ကစားပြီး ဂိုးရရှိရေးကြိုးစားရာမှ ပွဲချိန်မိနစ်၆၀တွင် ဥဇဘက်တိုက်စစ်မှူး အလက်ဇန္ဒားဂေးနရစ်က သွင်းယူသဖြင့် ဥဇဘက်တို့ ဂိုးစတင်ရရှိသွားသည်။

ဘာရိန်းတို့ တစ်ဂိုးပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး ကစားအားတင်ပြီး တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်၇၁မိနစ်တွင် ဘာရိန်းတိုက်စစ်မှူး အလာဟူဘိုင်က ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေဖြစ်နေရာမှ ပွဲချိန်၇၆မိနစ်တွင် ဘာရိန်းတိုက်စစ်မှူး အလာဟူဘိုင်ကပင် ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဘာရိန်းတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ဥဇဘက်တို့ အရှုံးဂိုးကိုချေပနိုင်ရန် ထိုးစစ်ဆင်ကစားရာမှ ပွဲချိန်၈၇မိနစ်တွင် ဥဇဘက်တိုက်စစ်မှူး ဗလာဒီမာစီရီလော့စ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ဥဇဘက်နှင့်ဘာရိန်းနှစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပိုကစားရာတွင်လည်း ထပ်မံဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ကြရာ ပယ်နယ်တီကန်သွင်းရာတွင် ဥဇဘက်မှ လီရိုနစ်ကိုရှီလဗ်၊ မာရက်ဘစ်မော့ဗ်တို့ ဂိုးဝင်အောင် မကန်သွင်းနိုင်ခဲ့ပေ။ ဘာရိန်းက မိုဟာမက်ဂျူမာကန်သွင်းသည့်ပယ်နယ်တီဘောလုံးမဝင်ရာမှ လွဲ၍ ကျန်လူများ ဂိုးဝင်အောင် ကန်သွင်းနိုင်ခဲ့ကြသဖြင့် ဘာရိန်းတို့ ပယ်နယ်တီအပါအဝင် ခြောက်ဂိုး–ငါးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဥဇဘက်တို့ပယ်နယ်တီရေတိမ်နစ်ကာ ကွာတားမှပင် အိမ်ပြန်ရပြီဖြစ်သည်။

အာရှဖလား ကွာတားဖိုင်နယ် အဖြစ် ပေကျင်းမြို့ အလုပ်သမားကွင်း၌ အိမ်ရှင်တရုတ်နှင့် အီရတ်အသင်းတို့ ဇူလိုင်၃၀ရက်က ယှဉ်ပြိုင်ကစားရာ ပွဲမှာအကြိတ်အနယ်ရှိပြီး တရုတ်အသင်းက အီရတ်ကို ခက်ခက်ခဲခဲကစားခဲ့ရသည်။

တရုတ်အသင်းနည်းပြ အာရီဟန်းသည် သူ့အသင်းကို ၅–၃–၂ ပုံစံဖြင့် ကစားစေခဲ့ပြီး ဂိုးအဖြစ် လူယန်ဖိုင်၊နောက်တန်းတွင် ဆန်းဇင်း၊ ကျန်ဇီး၊ ဝေ့ဇင်၊ လီဝေဖန်နှင့် လီမင်းတို့ကိုထားကာ အလယ်တန်းတွင် ရှိဂျာယီ၊ ဇိုဂျန်ဇီ၊ ယန်ဆောင်တို့ကို ကစားစေပြီး ရှေ့တန်းတွင် ဟိုဟိုင်ဒေါင်နှင့် လီကျင်ယုတို့ကိုထားကာ ကစားစေခဲ့သည်။

**အဖွင့်ဂိုး**

တရုတ်နည်းပြ အာရီဟန်းသည် ခံစစ်ကိုလုံအောင်ထားပြီး ကွင်းလယ်ကစားကွက်အားယူကာ တိုက်စစ်ဆင်ကစားစေခဲ့ရာ ပွဲစသည်နှင့် တရုတ်တို့ အီရတ်ဘက်သို့ ထိုးဖောက် တိုက်စစ်ဆင်ကစားရာအီရတ်နောက်တန်းအလူးအလဲဖျက်ထုတ်ကာကွယ်နေရာမှ ပွဲချိန်ရှစ်မိနစ်တွင် တရုတ်၏ ဝါရင့်တိုက်စစ်မှူးကြီး ဟိုဟိုင်ဒေါင်က အဖွင့်ဂိုးသွင်းယူပေးလိုက်သဖြင့် တစ်ဂိုးစတင်ရရှိသွားသည်။

အီရတ်အသင်း တရုတ်တို့၏ ထိုးဖောက်မှုကိုဟန့်တားရာမှ တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၂၇မိနစ်တွင် အီရတ်တိုက်စစ်မှူး ရာဇစ်ဖာဟမ်းအဝင်ကြမ်းသဖြင့် အဝါကတ်အပြခံရပြီး ပွဲချိန် ၃၇မိနစ်တွင် တရုတ်မှ ဟိုဟိုင်ဒေါင် အီရတ်နောက်ခံလူတစ်ဦးကို တွန်းတိုက်သလိုဖြစ်သဖြင့် အဝါကတ် အပြခံရသည်။



**အာရှဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် တရုတ်နှင့် အီရတ်တို့ပွဲတွင် တရုတ်နောက်ခံလူ လီဝေဖန်(ယာ)က အီရတ်မှ ကွင်းလယ်ကစားသမား ဆလစ်ဆာဒါ၏ ထိုးဖောက်ကစားမှုကို ဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)**

အီရတ်တို့ချေပဂိုး ရရှိရေးထိုးဖောက်ကစားရာ ပွဲမှာသွက်လက်မြန်ဆန်နေပြီး တရုတ်တို့၏ ထိုးဖောက်ကစားမှုကို အီရတ်နောက်တန်း လူများ တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်ကြသည်။ အီရတ်နောက်တန်းမှ ဟိုင်ဒရာဂျာဘာ၊ ဟက်ဆင်၊ ဘာဆင် အဘတ်တို့က အလယ်တန်းမှ မက်ဒီကာရင်၊ ဟာဝါမိုဟာမက်တို့နှင့် အတူ တိုက်စစ်ကိုစတင်ပေးနိုင်ကြပြီး အဖြတ်အတောက်လည်းကောင်းမွန်ကြသည်။

**ဘောလုံးပိုင်ဆိုင်မှု**

ပထမပိုင်းပြီးချိန်အထိ အီရတ်တို့ချေပဂိုး မသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်းတွင် တရုတ်တို့ဘောလုံးပိုင်ဆိုင်မှုပိုများပြီး ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ကာ အုပ်စုဖွဲ့ ထိုးဖောက်ခြင်းထက် တစ်ဦးချင်းထိုးဖောက်ဂိုးသွင်းမှုကများနေသည်။ တရုတ်အလယ်တန်းမှ လီဝေဖန်၊ ရှိကျာယီနှင့် ဂျန်ဇီတို့ပေးပို့သည့် ဘောလုံးများကို တရုတ်တိုက်စစ်မှူးများ ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ပေ။

ပွဲချိန်၄၆မိနစ်တွင်တရုတ်ဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အီရတ်မှ ဆာလစ်ဆာဒါနောက်ကျသွားသဖြင့် အခွင့်အရေး ဆုံးရှုံးသွားသည်။ အီရတ်တို့ ကစားကွက် တည်ပြီး တရုတ်ဘက်သို့ပြန်လည် တိုက်စစ်ဆင်ကစားရာပွဲချိန်၆၇မိနစ်တွင် အီရတ်မှ ဆာလစ်ဆာဒါ အမှတ်မထင်ကန်သွင်းသော ဘောလုံး တရုတ်ဂိုးသမားညာဘက်ဂိုးတိုင်ထိပြီး ပြန်လာသဖြင့် အီရတ်တို့ နစ်နာခဲ့ရပြန်သည်။

တရုတ်တို့ ထိုးဖောက်ကစားမှုကို အီရတ် နောက်ခံလူများနှင့် ဂိုးသမားတို့အလူးအလဲ ဖျက်ထုတ်နေသလို တရုတ်တိုက်စစ်ကိုအီရတ်နောက်တန်းမနားတမ်း ကာကွယ်နေရသည်။ ပွဲချိန်၇၁မိနစ်တွင်အီရတ်တို့အလယ်တန်းမှ အနေတော်တင်ပေးလိုက်သည့်ဘောလုံးကို အီရတ်တိုက်စစ်မှူး ယူနစ်မိုဟာမက် တရုတ်ဂိုးသမားနှင့်တစ်ဦးချင်းအတွေ့အသာမပြီး ဂိုးသွင်းလိုက်သော်လည်း ဂိုးဘားတန်းပေါ် ကျော်သွားသဖြင့် အီရတ်တို့ ဂိုးရရှိရန် အခွင့်အရေး ဆုံးရှုံးခဲ့ရပြန်သည်။

တရုတ်ရှေ့တန်းနှင့် အလယ်တန်းဘယ်ညာ တောင်ပံမှနေ၍ ထိုးဖောက်ကစားနေရာမှ ပွဲချိန် ၇၉ မိနစ်တွင် အီရတ်ဂိုးဧရိယာအတွင်း တရုတ်တိုက်စစ်မှူး ဘောလုံးသယ်ယူလာစဉ် ကြမ်းတမ်းစွာ ဟန့်တားမှုကြောင့် ပယ်နယ်တီ ပြစ်ဒဏ်ဘောပေးရာမှ တရုတ်နောက်ခံလူ ကျန်ဇီကန်သွင်းသဖြင့် တရုတ်တို့ ဂိုးရရှိသွားသည်။ လေလွင့်ချိန်အစားထိုးပေးသည့် အချိန်အတွင်း တရုတ်တိုက်စစ်မှူး ဂိုးရရှိရေးကြိုးစားစဉ် အီရတ်ဂိုးသမား အာမက်အလီဂျာဘာ ကြမ်းတမ်းစွာ တွန်းတိုက်မှုကြောင့် အနီကတ်တိုက်ရိုက်ပြ အထုတ်ခံရပြီး ပယ်နယ်တီအပေးခံရသဖြင့် တရုတ်နောက်ခံလူ ကျန်ဇီကပင် ယင်းပယ်နယ်တီကို ကန်သွင်းခဲ့ရာမှ တရုတ်တို့တတိယဂိုးရရှိခဲ့သည်။

**အိမ်ရှင်တရုတ်**

တရုတ်တို့ အီရတ်ကို သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ မျှော်မှန်းချက်ဖြစ်သည့် ချန်ပီယံဖြစ်ရေးမှာ လက်တစ်ကမ်းအလိုသာရှိတော့သဖြင့် အိမ်ရှင်တရုတ်ပရိသတ်တို့၏ မျှော်လင့်ချက်များ တစ်ဟုန်ထိုး မြင့်မားလာလျက်ရှိရာ တရုတ်နည်းပြ ဟာရီအာရီဟန်း မည်သည့်ကစားကွက်နည်းပရိယာယ်များဖြင့် ရယူပေးနိုင်မည်ဆိုသည်ကို စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

# အာရှဖလားကွာတားဖိုင်နယ်ပွဲစဉ်များပြီးစီး တရုတ်၊ဂျပန်၊ဘာရိန်းနှင့်အီရန်တို့ဆီမီးတက်

**ရန်ကုန် ဇူလိုင် ၃၁**

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဂျပန်အသင်းက ဂျော်ဒန်အသင်းကို ငါးဂိုး–လေးဂိုးဖြင့် လည်းကောင်း၊ အီရန်အသင်းက တောင်ကိုရီးယားအသင်းကို လေးဂိုး–သုံးဂိုးဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဂျပန်နှင့်ဂျော်ဒန်ပွဲစဉ်တွင် ပုံမှန်ပွဲကစားချိန် မိနစ်၉၀နှင့် အချိန်ပို မိနစ် ၃၀ စုစုပေါင်း မိနစ် ၁၂၀ တိတိ ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဂိုးစီသရေပွဲဖြစ်နေသည်။ ပယ်နယ်တီငါးလုံးစီကန်သွင်းရာတွင်လည်း အရှုံးအနိုင်မပေါ်ဘဲဖြစ်နေရာ ခုနစ်လုံးမြောက် ပယ်နယ်တီကန်သွင်းပြီးမှသာ ဂျပန်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပယ်နယ်တီခုနစ်လုံးကန်သွင်းရာတွင် ဂျပန်အသင်းက လေးဂိုးဝင်ပြီး ဂျော်ဒန်အသင်းက သုံးဂိုးသာဝင်ခဲ့သည်။

လက်ရှိချန်ပီယံဂျပန်အသင်းသည် ဂျော်ဒန်အသင်း၏ ဂိုးစတင်သွင်းယူမှုကိုခံရပြီးမှ ချေပဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ဂျော်ဒန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်၁၁မိနစ်တွင် ရှိလ်ဘာရက်က သွင်းယူပေးသည်။ ဂျပန်အသင်းအတွက် ချေပဂိုးကို ပွဲချိန်၁၄မိနစ်တွင် ဆူဇူကီးက သွင်းယူပေးသည်။

**အီရန်အနိုင်ရ**

အီရန်အသင်းနှင့် တောင်ကိုရီးယားတို့ ပွဲစဉ်တွင် နှစ်သင်းစလုံး တိုက်စစ်ဦးစားပေးကစားပြီး အပြန်အလှန်ဂိုးများသွင်းယူခဲ့ကြသည်။ အီရန်အသင်းက ခြေစွမ်းပြကစားပြီး ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ အီရန်အသင်းတိုက်စစ်မှူး အလီခါရီမီက အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်သဖြင့် နာမည်ကြီး တောင်ကိုရီးယားကိုအနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်အသင်းအတွက် ပထမဂိုးကို ပွဲချိန်၁၀မိနစ်တွင် အလီခါရီမီ၊ ဒုတိယဂိုးကို ပွဲချိန်မိနစ်၂၀တွင် အလီခါရီမီ၊ တတိယဂိုးကို ပွဲချိန်၅၁မိနစ်တွင် တောင်ကိုရီးယားအသင်းမှ ပက်ဂျင်ဆုက ကိုယ့်ဂိုးကိုယ်သွင်းမိပြီး စတုတ္ထဂိုးကို ပွဲချိန်၇၇မိနစ်တွင် အလီခါရီမီကပင် သွင်းယူခဲ့သည်။

တောင်ကိုရီးယားအသင်းအတွက် ပထမဂိုးကို ပွဲချိန်၁၆မိနစ်တွင် ဆိုးလ်ကီယွန်၊ ဒုတိယဂိုးကို ပွဲချိန်၂၅မိနစ်တွင် လီဒေါင်ဂွတ်နှင့် တတိယဂိုးကို ပွဲချိန် ၆၈မိနစ်တွင် ကင်နန်အီးလ်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အီရန်အသင်းအတွက် သုံးဂိုးသွင်းယူပေးသည့် တိုက်စစ်မှူး အလီခါရီမီက ရရှိသည်။

**အကြိုဗိုလ်လုပွဲ**

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် အီရန်အသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဘာရိန်းအသင်းနှင့် ဂျပန်အသင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



**အနုတ်–၅၅ ကီလိုတန်း အမျိုးသား ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ထွန်းကျော်က ကြေးတံဆိပ်ကို ရယူပေးနိုင်သည်။**
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

(၁၂)ကြိမ်မြောက် အာရှတံခွန်စိုက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို ပါဝင်ဆင်နွှဲလျက်ရှိရာ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု စတင်ရရှိနေသည်။

**၁၄ သင်း ပါဝင်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲသို့ အာရှမှ ဂျူဒိုထိပ်သီးနိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယားတို့အပြင် မကာအို၊ ဟောင်ကောင်နှင့် အရှေ့တောင်အာရှမှ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယားနှင့် အိမ်ရှင်ဗီယက်နမ်အသင်းက လေးသင်း စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

**အာရှအဆင့်ရွှေ**

အနုတ်–၄၅ကီလိုတန်းပြိုင်ပွဲတွင် ပထမ မြန်မာနိုင်ငံမှ နွယ်နွယ်သန်း (စက်မှု–၁)၊ဒုတိယဗီယက်နမ်နှင့်ပူးတွဲ တတိယ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ မြန်မာချန်ပီယံနွယ်နွယ်သန်းသည် ယခုပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများမှ ရွှေနှစ်ခု၊ ငွေနှစ်ခုကို အမိနိုင်ငံအတွက် ရယူပေးထားသည်။ သူမ ယခုရရှိသည့် ရွှေတံဆိပ်သည် အာရှအဆင့် ဂျူဒိုပြိုင်ပွဲမှ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အတွက် ပထမဆုံး အာရှအဆင့် ရယူပေးသော ရွှေတံဆိပ်ပင် ဖြစ်သည်။

**မြန်မာပူးတွဲ တတိယ**

အနုတ်–၅၅ ကီလိုတန်းပြိုင်ပွဲတွင်ပထမကိုရီးယား၊ဒုတိယဗီယက်နမ်၊ ပူးတွဲတတိယ မြန်မာနိုင်ငံမှ အောင်ထွန်းကျော်နှင့် ဗီယက်နမ်တို့ရရှိကြသည်။

**ဆက်လက်ယှဉ်ပြိုင်**

မြန်မာဂျူဒိုအဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာရှတံခွန်စိုက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ဆင်နွှဲလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ ။

**(မြန်မာ့အလင်း)**

# သီပေါမြို့နယ်၌ ကျေးလက်စာကြည့်တိုက်ဖွင့်

**သီပေါ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက မန်ကဲကျေးရွာအုပ်စု နားခဲကျေးရွာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုင်းသာလှိုင်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ချိုလတ်နှင့်နားခဲကျေးရွာဥက္ကဋ္ဌ ဦးဆန်လှမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**



အစီအစဉ်အရ နားခဲကျေးရွာဥက္ကဋ္ဌ ဦးဆန်လှမောင်က အမှာစကားပြောကြားပြီး သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက်သီပေါမှ ရန်ကုန်မြို့သို့ စက်ဘီးနှင့်တစ်ကိုယ်တော်သွားရောက်ခဲ့သော အသက်(၆၅နှစ်)ရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးဘိုအောင်က မူးယစ်ဆေးဝါးနှင့် ဆေးလိပ်သောက်သုံးခြင်း၏ ဆိုးကျိုးများကို လည်းကောင်း၊ ဦးမြသန်း(ဓာဏီဟိန်း–သီပေါ)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကို လည်းကောင်း ဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုလတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နယ်လှည့်စာကြည့်တိုက်မှ စာအုပ်စာစောင်များကို ကျေးရွာပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ဖတ်ရှုလေ့လာကြသည်။ **(၃၀၆)**

# ကျေးလက် သတင်း နှင့် မြင်ကွင်း



# မြိုင်မြို့နယ် အိုးဘိုကျေးရွာတွင် စက်ရေတွင်းသစ်ဖွင့် ငွေကျပ် ၇၇သိန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့

**မြိုင် ဇူလိုင် ၂၅**

မကွေးတိုင်း မြိုင်မြို့နယ် အိုးဘိုကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သော လေးလက်မစက်ရေတွင်းသစ် ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စက်ရေတွင်းအလှူရှင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉၄) အနော်ရထာလမ်း မြသိန်းတန်ကျောင်းတိုက် သာသနဓဇ သိရီပဝရဓမ္မာစရိယအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သောဘန (နိုင်ငံတော်သြဝါဒါစရိယ)နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပခုက္ကူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**အကောင်အထည်ဖော်ဆောင်ရွက်**

ဖွင့်ပွဲတွင် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်က စက်ရေတွင်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အိုးဘိုကျေးရွာစက်ရေတွင်းမှာ လေးလက်မ တွင်းနက်အမျိုးအစား စက်ရေတွင်းဖြစ်ပြီး အနက်ပေ ၅၂၀ ဖြစ်သည်။ တစ်နာရီ ရေထွက်နှုန်းမှာ ဂါလန် ၂၀၀၀ ထွက်သည်။ စက်ရေတွင်းအလှူရှင် လှူဒါန်းငွေကျပ် ငါးသိန်းနှင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၇၂ ဒသမ ၅၆သိန်း စုစုပေါင်း ကျပ် ၇၇ဒသမ၅၆ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး အလင်းရှင်စာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်နှင့် စာစောင်များလှူဒါန်း

**ကျိုက်ထို ဇူလိုင် ၁၅**

ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် အလင်းရှင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော မဂ္ဂဇင်း၊ဂျာနယ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးအသင်းမှ လှူဒါန်းသော စာအုပ်များ၊ ကျေးရွာရှိအလှူရှင်များက လှူဒါန်းသော စာအုပ်၊စာစောင်များကို အသီးသီးပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်သော သန်လျင်မြို့နှင့် သနပ်ပင်ကျေးရွာဆက်သွယ်သော ကျေးရွာချင်းဆက် ဂဝံလမ်းကို စက်ယန္တရားဖြင့် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မူလတန်းလွန်ကျောင်း ဝမ်းတွင်းမြို့နယ်၌ဖွင့်

**ဝမ်းတွင်း ဇူလိုင် ၁၀**

ဝမ်းတွင်းမြို့နယ် ဖလန်ကျင်း ကျေးရွာအုပ်စု မနိတောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဇူလိုင် ၇ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင်မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညွန့်ဝေနှင့် ရွာသစ်ကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းအုပ်ဆရာကြီးဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးဦးစိုးဝင်းက ကျောင်းနှင့် ပတ်သက်သောအခြေအနေများရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် လိုက်နာဆောင်ရွက်ရန်နှိုးဆော်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ စတင် ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃–၄)ရက်အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး လေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသောရေတွင် တစ်လွှာချင်း ဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများ မသုံးစွဲဘဲ သစ်သားတုံး၊ ဝါး စသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တပတ် တစ်ပတ်အကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။**



**ချင်းပြည်နယ် စည်ပင်သာယာရေး အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောနိုင် ကန်ပက်လက်မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမင်းသန်းတို့နှင့်အတူ ကန်ပက်လက်မြို့တွင်း လွတ်လပ်ရေးကျောက်တိုင်နံဘေး ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ သာယာလှပရေးအတွက် ပန်းအလှပင်စိုက်ပျိုးခြင်းတို့ကို ဇွန် ၂၂ ရက်က ကြီးကြပ်ဆောင် ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ကျေးရွာ မြတ်စွာဘုရားနှင့်ရဟန္တာအရှင်မြတ်များအား ဗိုလ်မှူးကြီးလှမင်းနှင့်အဖွဲ့ဝင်များ ရွှေကြာသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၃၁

**ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ရှေးဟောင်းသိမ်တော်ကြီးတည်ရှိရာ သာသနာ့နယ်မြေ၌ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်အပါး ၈၀တို့ကို ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် သံဃာတော် ၁၁ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၂၅ရက် နံနက်က မဟာသိမ်တော်ကြီးအနီးရှိ ဓမ္မာရုံကျောင်းတော်ကြီး၌ကျင်းပသည်။**

## ဆက်ကပ်လှူဒါန်း

အစီအစဉ်အရပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် ဇနီးတို့က ရဟန္တာရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းမည့် ရွှေကြာသင်္ကန်းများနှင့် ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းမည့် ဝါဆိုသင်္ကန်းများကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသ ဆရာတော်ကြီးကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများက ဆရာတော် သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် ဘဒ္ဒန္တအဂ္ဂဝံသအရှင်သူမြတ်ထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုတို့က မြတ်စွာဘုရားနှင့် ရဟန္တာအပါး ၈၀တို့ကို ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရှေးဦးပြုစုခြင်းအခြေခံသင်တန်း မောင်တောမြို့၌ဖွင့်

**မောင်တော ဇူလိုင် ၂၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော ကျန်းမာရေးမြှင့်တင်ရန် လုပ်ငန်းကို အထောက်အကူပြုစေရန်အတွက် ရခိုင် ပြည်နယ်မြောက်ပိုင်း မြို့နယ်များတွင် စီမံချက် ၃၇၁ မှ တာဝန်ယူလျက် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို ဇူလိုင်၁၇ရက်က မောင်တောမြို့ ဓာတိကာရုံ ပရဟိတကျောင်းတွင် ကျောင်းသား ၄၂ ဦးတို့ကို ရှေးဦးပြုစု ခြင်း အခြေခံသင်တန်းဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ကျောင်းထိုင်ဆရာတော်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းစီမံချက်မန်နေဂျာတို့ တက်ရောက်အမှာစကားပြောကြားကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# စုပေါင်းသစ်ပင်စိုက်ပျိုး

**ချောက် ဇူလိုင် ၁၅**

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (၈)ဆင့်တွင် ချောက်မြို့မှ ဝန်ထမ်းများက ဇူလိုင်လ သစ်ပင်စိုက်ပျိုးရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက် နံနက်က ချောက်–ငွေးချို ကားလမ်း မိုင်တိုင် ၄၀၂(၆)နှင့် ၄၀၂(၇) အကြား မြေကွက်တွင် ကျင်းပရာ ပင်မ မန်နေဂျာ ဦးသန်းဝင်းနှင့် ဝန်ထမ်းများက တမာပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**လှည်းကူးမြို့ ရိပ်သာရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၈ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အုန်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဖေနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နွယ်နွယ်တင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



**ဇူလိုင်၁၄ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ဗလမင်းထင်လမ်းပေါက်ဖာခြင်းကို အနီးကပ်ကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# မြို့သာယာလှပရေး ပန်းအလှပင်များ စိုက်ပျိုး

**ညောင်တုန်း ဇူလိုင် ၂၅**

ညောင်တုန်းမြို့နယ် စည်ပင်သာယာလက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့ ဦးဆောင်သော စည်ပင်သာယာ ဝန်ထမ်းများသည် ဇူလိုင် ၁၇ရက်က ဗိုလ်ချုပ်လမ်း မြို့သာယာလှပရေးအတွက် ပန်းအလှပင်များ စနစ်တကျ စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က မြို့အဝင်"ကြိုဆိုပါ၏" တံခါး ပန်းချွန်း၊ မိုးဟုတ်စေတီအနီး ပန်းကျွန်းဝိုင်း၊ တောရကျောင်းလမ်းထိပ် ပန်းချွန်း၊ စည်ပင်သာယာပန်းခြံနှင့် မြို့တွင်းလမ်းများ သာယာလှပရေးအတွက် ပန်းအလှပင်များ ပြုပြင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ပျိုးပင်အသစ်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝဇရ)**



**မြောက်ဥက္ကလာပမြို့နယ်(ခ)ရပ်ကွက် ဈေးသူဈေးသားများက အလှူငွေကျပ် ၁၁၀၀၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)




## e- Education Learning Centre

## သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

**၂–၈–၂၀၀၄ (တနင်္လာနေ့)**

- ❑ Pali Alphabet
  - – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Works of Art and Philosophy of Art
  - – နောက်ဆုံးနှစ် ဒဿနိကဗေဒအထူးပြုနှင့် ဒုတိယနှစ် မြန်မာစာ အထူးပြုကျောင်းသားကျောင်းသူများ
- ❑ နောင်ရိုးတိုက်ပွဲ
  - – ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသားကျောင်းသူများ

**၃–၈–၂၀၀၄ (အင်္ဂါနေ့)**

- ❑ Mitosis and Meiosis
  - – ပထမနှစ်သတ္တဗေဒ အထူးပြုကျောင်းသားကျောင်းသူများ
- ❑ Respiration
  - - ပထမနှစ်သတ္တဗေဒ အထူးပြုကျောင်းသားကျောင်းသူများ

**၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

- ❑ Electrophilic Additon To Unsaturated Carbon
  - – တတိယနှစ်ဓာတုဗေဒ အထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - - တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသားကျောင်းသူများ

**၅–၈–၂၀၀၄ (ကြာသပတေးနေ့)**

- ❑ Year I Drama Part (I)
  - - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Year I Drama Part(II)
  - - ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသားကျောင်းသူများ

**၆–၈–၂၀၀၄ (သောကြာနေ့)**

- ❑ Reported Speech
  - - ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Communicative Skills
  - - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားကျောင်းသူများ

**နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ**

**၇–၈–၂၀၀၄ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

**၈–၈–၂၀၀၄ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

# မြန်မာ-ထိုင်းဆက်ဆံရေး အားရဖွယ်ဖြစ်ထွန်းပြီး ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်လျက်ရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပပျောက်ရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအောင်မြင်

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး မြန်မာနှင့်ပူးပေါင်းရန်ဆန္ဒရှိ နှစ်နိုင်ငံစီးပွားရေးနှင့် ဆက်ဆံရေးပိုမိုတိုးတက်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

## ထိုင်းဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်

ရန်ကုန် ဇူလိုင် ၃၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်အား တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡



### တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃၀ ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

### သံလွင်တံတားကြီး

မကြာမီ ဖွင့်လှစ်တော့မည့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (သတင်း-၃) (သတင်းစဉ်)




မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း



မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာန၌ ခွဲစိတ်ကိရိယာများ ပြည့်စုံစွာရှိနေခြင်းကြောင့် ခွဲစိတ်မှုကို လွယ်ကူချောမော အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုကို လေးနာရီကြာ ဆောင်ရွက်ခဲ့ရသည်။ ထိုကဲ့သို့ ၁၂ နှစ်ကြာ ပါးစပ်ဖွင့်၍မရသော အသက် ၁၈ နှစ်အရွယ်ရှိ မောင်ဇေယျာအောင်ကို အောင်မြင်စွာ ပူးတွဲခွဲစိတ်ကုသနိုင်သည်မှာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာလောကအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

ဒေါက်တာဘမြင့်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)၏ ဆောင်းပါး-စာ(၁၀)




အာရှရွှေတံဆိပ်ဆုရှင် နွယ်နွယ်သန်း။

# အာရှတံခွန်စိုက်ဂျူဒိုပြိုင်ပွဲ မြန်မာ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတစ်ခုရရှိနေ

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် မြန်မာဂျူဒိုအဖွဲ့သည် ဇူလိုင် ၃၀ ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့်

စာမျက်နှာ ၁၃ ကော်လံ ၅ ●